# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၃) ၊ ၁၃၈၆ ခုနှစ်၊ နတ်တော်လဆန်း ၂ ရက်၊ ၂-၁၂-၂၀၂၄၊ တနင်္လာနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## (၇၅)ကြိမ်မြောက် စိန်ရတုအမျိုးသားစာပေဆုအထိမ်းအမှတ် ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနားကျင်းပ

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တက်ရောက်ချီးမြှင့်ပေးအပ်

နေပြည်တော် ဒီဇင်ဘာ ၁

(၇၅)ကြိမ်မြောက် စိန်ရတုအမျိုးသားစာပေဆုအထိမ်းအမှတ် ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန - ၁ ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်၍ စာပေဆုများ ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး နှင့်ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ နှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ နှင့်ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ စာပေဆုစိစစ်ရွေးချယ်ရေး ကော်မတီဝင်

စာမျက်နှာ ၃ သို့ ❒



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ၂၀၂၃ ခုနှစ် အမျိုးသားစာပေတစ်သက်တာဆုရ စာပေပညာရှင် ဆရာကြီး ဒေါက်တာမင်းတင်မွန်(ပါရဂူမင်းနန္ဒာ) အား ဆုတံဆိပ်၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် အမှတ်တရဂုဏ်ပြုလက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။

**တိမ် အသင့်အတင့် ဖြစ်ထွန်းမည်**

(၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၁ ရက်နေ့ ည(၇:၀၀)နာရီအချိန် ထုတ်ပြန်ချက်)

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ **ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ **မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဇလ

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၂ ရက်၊ တနင်္လာနေ့။

# စာပေထွန်းပေါ် လနတ်တော်

မြန်မာ့ဆယ့်နှစ်လတွင် ကိုးလမြောက်သည် နတ်တော်လဖြစ်သည်။ စာဆိုတော်ပွဲ ဆင်နွှဲကျင်းပသည့်လလည်းဖြစ်သည်။ မြန်မာတို့၏ ဆယ့်နှစ်လရာသီသည် လအလိုက်ပွဲတော်များဖြင့် ကြွယ်ဝပြည့်စုံသည်။ ထိုပွဲတော်များကို လေ့လာလျှင် ကုသိုလ်လည်းရ ပျော်စရာလည်းကောင်းလှသည်။ ယခုလသည် နတ်တော်လဖြစ်သည်။ နတ်တော်လ၏ရာသီပန်းသည် သဇင်နှင့် ဂမုန်းဖြစ်သည်။ ပန်းပျံပင်ဆင့်ဟူ၍ စာဖွဲ့ရသော သဇင်ပန်းသည် ပင်မြင့်ထက်တွင် ပွင့်သော ပန်းဖြစ်သကဲ့သို့ ဂမုန်းသည်လည်း သစ်ပင်ကြီးများအပေါ် ကိုင်းခွထက်၌ ပေါက်ရောက်သည်။

သဇင်ပန်းသည်ကား ရှေးစာဆိုတို့ တခမ်းတနားစာဖွဲ့ရသော ပန်းဖြစ်သည်။ နန်းထိုက်တော်ဝင်ပန်းသဇင်ဟု တင်စားလောက်အောင်မြင့်မြတ်လှသည်။ ရကန်ရေးဖွဲ့သူ ဦးတိုး၏ သဇင်ကို ဖွဲ့ဆိုသော ဘုန်းနှင့် ကံနှင့် ရွှေသဇင်ကဗျာသည် ယနေ့တိုင် နှစ်သက်ဖွယ်ဖြစ်သည်။ နတ်တော်လတွင် စာဆိုတော်များကို ဂုဏ်ပြုချီးမြှင့်ခြင်းသည်လည်း ထင်ရှားလှသည်။ နတ်တော်လသည် ဆောင်းရာသီလဖြစ်သည့်အတိုင်း ပတ်ဝန်းကျင်တွင် နှင်းမြူများ ရစ်ဆိုင်းနေသဖြင့် အေးမြခြင်းအထိအတွေ့ကို ခံစားရသည်။

ရှေးအခါက နတ်တော်လတွင် နတ်ပူဇော်ပွဲကျင်းပသည်။ နတ်တော်ဟူသည် "နတ်မြတ်နတ်အကြီးအကဲ"ဟု အဓိပ္ပာယ်ရကြောင်း သိရှိရသည်။ ပုပ္ပားတောင်တွင် စံမြန်းနေသော မဟာဂီရိနတ်မောင်နှမကို ပူဇော်ပသသည့် အစဉ်အလာရှိခဲ့သည်။ နတ်တော်လသည် ဓနုရာသီဖြစ်သည်။ လေးကိုင်စွဲထားသော ယောကျ်ားရုပ်ဖြင့် သတ်မှတ်သော ရာသီဟု ဖွင့်ဆိုသည်။ နတ်တော်လတွင် လနှင့်ယှဉ်သော စန်းယှဉ်နက္ခတ်မှာ မိဂသီနက္ခတ် ဖြစ်သည်။ နတ်တော်လဘွဲ့ကဗျာစာပေများတွင် ထိုအချက်ကို ထည့်သွင်းဖွဲ့ဆိုလေ့ရှိပေသည်။ လနတ်တော်မုန့်ဆန်းလှော်ဆိုသည့်အတိုင်း မုန့်ဆန်းလှော်ထောင်းပြီး တပျော်တပါးစားကြသည်မှာလည်း နတ်တော်လတွင် ဆင်နွှဲသည့်အလေ့အထဖြစ်သည်။ နတ်တော်လတွင် ရွာတတ်သောမိုးကို ဆင်ရာတိမ်မိုးဟုခေါ်ကြသည်။ ဆင်ခြေရာတိမ်တိမ်ကလေးသာထင်ရုံ အနည်းအကျဉ်းမျှရွာသော မိုးဖြစ်သည့်အတွက် ဆင်ရာတိမ်မိုးဟု ခေါ်ခြင်းဖြစ်သည်။

"နတ်တော်ရောက်ပြာ၊ မိုးသားမငြိမ် ဆင်ရာတိမ်" ဟူ၍လည်း စာဖွဲ့ခဲ့ကြသည်။ ရှေးမြန်မာမင်းလက်ထက်က နတ်တော်လတွင် စာဆိုတော်များအပါအဝင် မင်းမှုထမ်းများကို ဘွဲ့ထူးဂုဏ်ထူးများ ချီးမြှင့်သည့်အစဉ်အလာရှိသည်။ ကိုလိုနီခေတ်သို့ ရောက်သောအခါ စာရေးဆရာအသင်းပေါ်ပေါက်လာသည်နှင့်အတူ နတ်တော်လဆန်း ၁ ရက်နေ့ကို စာဆိုတော်နေ့အဖြစ် သတ်မှတ်ခဲ့သည်။

သို့ဖြစ်ရာ နတ်တော်လ၏ ရာသီပွဲကို စာဆိုတော်ပွဲဟု သတ်မှတ်ကြသည်။ နတ်တော်လသို့ရောက်သည်နှင့် အမျိုးသားစာပေ တစ်သက်တာဆုနှင့် အမျိုးသားစာပေဆုချီးမြှင့်ပွဲ၊ စာပေဗိမာန်စာမူဆုချီးမြှင့်ခဲ့ကြသည်။

စာပေသည် လူသားတို့အတွက်၊ နိုင်ငံတစ်နိုင်ငံအတွက် အဓိကအခန်းကဏ္ဍမှာရှိနေသည်။ စာပေမြင့်မှ လူမျိုးတင့်မည်ဆိုသောစကားအတိုင်း စာပေကို ချီးမြှောက်နေကြခြင်းဖြစ်သည့်အတွက် စာပေထွန်းပေါ် လနတ်တော်ဟု သတ်မှတ်ခဲ့သည်။

မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးအတွက် ကိုယ့်လူမျိုး၏သမိုင်းကြောင်းကို လူငယ်တိုင်းသိရှိကြဖို့ လိုအပ်ပြီး စာပေကို ဖတ်ရှုလေ့လာရန်လည်း လိုအပ်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## မြန်မာနိုင်ငံ စာဆိုတော်နေ့အထိမ်းအမှတ် သက်ကြီးစာဆိုများအား ပူဇော်ပွဲနှင့် ဆောင်းပါးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ




**မန္တလေး ဒီဇင်ဘာ ၁**

ပုသိမ်ကြီးမြို့နယ်စာရေးဆရာအသင်းနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော မြန်မာနိုင်ငံ စာဆိုတော်နေ့အထိမ်းအမှတ် အသက်(၇၅)နှစ်နှင့်အထက် သက်ကြီးစာဆိုများအား ပူဇော်ပွဲနှင့် "စာဆိုဂုဏ်ရည်" ဝါသနာရှင်အဆင့် ဆောင်းပါးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ပုသိမ်ကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြု (ပံသုကူ)ခန်းမ၌ ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မွန်မွန်ခင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇင်မင်းထွန်း၊ စာရေးဆရာအသင်းဥက္ကဋ္ဌ နိုင်စေရ(မန်းတက္ကသိုလ်)နှင့်အဖွဲ့ဝင်များ၊ ကန်တော့ခံ စာရေးဆရာကြီးများ၊ ဆုရကျောင်းသား၊ ကျောင်းသူများ၊ အလှူရှင်များ တက်ရောက်ကြသည်။

အစီအစဉ်အရ မြန်မာနိုင်ငံစာရေးဆရာအသင်း(ဗဟို)မှ ပေးပို့သော မြန်မာနိုင်ငံ စာဆိုတော်နေ့ သဝဏ်လွှာကို မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ နိုင်စေရ(မန်းတက္ကသိုလ်)က ဖတ်ကြားသည်။

ဆက်လက်၍ စာရေးဆရာအသင်း နာယက ကန်တော့ခံ ဆရာကြီး မာဃသိန္ဒ(ပုသိမ်ကြီး)က ကန်တော့ခံ ဆရာ၊ ဆရာမများ ကိုယ်စား ကျေးဇူးတင်ဩဝါဒစကားပြောကြားသည်။

ယင်းနောက် ဆောင်းပါးဆုရရှိသူများကိုယ်စား ဝိုင်းကြည်ဖြူ(နောင်ချို)က ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ ဦးဇင်မင်းထွန်းက ဂုဏ်ပြုစကားပြောကြားသည်။

ထို့နောက် "စာဆိုဂုဏ်ရည်"ခေါင်းစဉ်ဖြင့် ဝါသနာရှင်အဆင့် ဆောင်းပါးပြိုင်ပွဲတွင် ဆုရရှိသူများကို ဆုများချီးမြှင့်ပေးအပ်ပြီး အသက် (၇၅)နှစ်နှင့်အထက် သက်ကြီးစာဆိုများကို လက်ဆောင်ပစ္စည်းများဖြင့် ကန်တော့ကြသည်။ အခမ်းအနားအပြီးတွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၀၉၁)**

၀-၀-၀-၀-၀

## အမရပူရမြို့နယ်၌ ဇီဝဆိုင်ရာအချက်အလက်ကောက်ယူခြင်း၊ Unique ID ထုတ်ပေးခြင်းလုပ်ငန်းနှင့် ပန်းခင်းစီမံချက် ၃ ဖြင့် နိုင်ငံသားကတ်များ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိ



**မန္တလေး ဒီဇင်ဘာ ၁**

မန္တလေး၊ အမရပူရမြို့နယ်၌ ပန်းခင်းစီမံချက် ၃ ဖြင့် နိုင်ငံသားကတ်များကို နိုဝင်ဘာ ၃၀ ရက် နံနက် ၉ နာရီက အမရပူရမြို့နယ်၊ ရွှေကြက်ယက်ကျေးရွာ နန်းမတော်စာကြည့်တိုက်၌ ပန်းခင်းစီမံချက် ၃ ဖြင့် နိုင်ငံသားကတ်များကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ဆောင်ရွက်ခြင်းကို အမရပူရမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးစီးအရာရှိ ဦးတင်ကိုကိုဝင်း၏ ကြီးကြပ်မှုဖြင့် လဝကမှူး ဒေါ်ခင်ခင်စန်း ဦးဆောင်သောအဖွဲ့မှ ပန်းခင်းစီမံချက် ၃ ဖြင့် နိုင်ငံသားကတ်များကို ဆောင်ရွက်ပေးခဲ့ရာ အကျုံးဝင်သူ အမျိုးသား ၂၆ ဦး၊ အမျိုးသမီး ၃၂ ဦး၊ စုစု ပေါင်း ၅၈ ဦး ဆောင်ရွက်နိုင်ခဲ့သည်။

အလားတူ နိုင်ငံသားစိစစ်ရေးကတ်ပြား ယူဆောင်လာစေပြီး ဇီဝဆိုင်ရာအချက်အလက်များ စိစစ်ကောက်ယူ၍ Database တွင် သိမ်းဆည်း၍ မတူညီဂဏန်း ၁၀ လုံးပါဝင်သည့် Unique ID နံပါတ်ကတ်ပြားများကို မှန်တန်းရပ်ကွက်၊ ရေကြည်ပေါက်ကျေးရွာတွင် နေချင်းပြီး ၂၆၇ ဦး ထုတ်ပေးနိုင်ခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဦးတင်ကိုကိုဝင်းထံမှ သိရသည်။

**စိုးသီဟ(အမရ)**

## ၂၀၂၄ ခုနှစ်၊ ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေးလှုပ်ရှားမှုဆောင်ရွက်

**မန္တလေး ဒီဇင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနမှ ကြီးမှူး၍ ၂၀၂၄ ခုနှစ်၊ ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ (World AIDS Day) အထိမ်းအမှတ် အသိပညာပေးလှုပ်ရှားမှုဆောင်ရွက်ခြင်းများကို ယနေ့ နံနက်ပိုင်းက မန္တလေးမြို့တွင် ပြုလုပ်ခဲ့သည်။

"ဒီဇင်ဘာ ၁ ရက်နေ့ဟာ ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ဖြစ်ပါတယ်၊ ဒီနေ့မှာ အသိပညာပေးလှုပ်ရှားမှုကို လူသွားလူလာများတဲ့ မန္တလေးမြို့ ကျုံးထောင့်နှစ်နေရာမှာ ပြုလုပ်ပါတယ်၊ ပြည်သူလူထုအတွင်း HIV/AIDS နှင့် ပတ်သက်ပြီး ပို၍ ကျယ်ကျယ်ပြန့်ပြန့်သိရှိခြင်းအားဖြင့် ရောဂါကာကွယ်နှိမ်နင်းရေး၊ ကုသရေး လုပ်ငန်းတွေမှာ ပိုမိုထိရောက်အောင်ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်"ဟု မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးမှူး ဒေါက်တာဝင်းနိုင်က ပြောသည်။

ထိုသို့ပြုလုပ်ရာတွင် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဦးစီးမှူး ဒေါက်တာဝင်းနိုင်၊ အောင်မြေသာစံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဆွေနှင့် တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေး လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိသော ပြည်သူလူထုအခြေပြုမိတ်ဖက်အဖွဲ့အစည်းများနှင့် တာဝန်ရှိသူများက ၆၆ လမ်းနှင့် ၂၆ လမ်းထောင့်၊ လမ်း ၈၀ နှင့် ၂၆ လမ်းထောင့်တို့တွင် ပြည်သူလူထုအား HIV/AIDS နှင့် ပတ်သက်သည့် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ကွန်ဒုံးများ ဖြန့်ဝေခြင်း စသည့် အသိပညာပေးလှုပ်ရှားမှုများကို ဆောင်ရွက်ခဲ့ကြသည်။

ပြည်သူများအနေဖြင့် HIV/AIDS နှင့် ပတ်သက်ပြီး ကာကွယ်သည့်နည်းလမ်းများ၊ မကူးစက်အောင်နေထိုင်သည့် နည်းလမ်းများ၊ ကျန်းမာရေးအသိပညာ ပိုမိုသိရှိလာ၍ ပြည်သူလူထုအတွင်း ဗဟုသုတများကို ပြန်လည်မျှဝေနိုင်ပြီး ဝေဒနာခံစားနေရသူများကို ခွဲခြားဆက်ဆံခြင်းမှလည်း လျော့ပါးသွားနိုင်မည်ဖြစ်ကြောင်း၊ HIV ပိုးရှိ လူနာများအနေဖြင့် သက်ဆိုင်ရာမြို့နယ် ကျန်းမာရေးဌာနနှင့် ဆက်သွယ်ပြီး ART ဌာနများ၌ ဆေးကုသမှု အခမဲ့ရယူနိုင်ကြောင်းနှင့် ၂၀၂၄ ခုနှစ်၊ ကမ္ဘာ့ခုခံအားကျဆင်းမှုရောဂါတိုက်ဖျက်ရေးနေ့ ဆောင်ပုဒ်မှာ "အအိုင်ဒီအက်စ် ကင်းဝေးဖို့၊ သာတူညီမျှအလေးပေးလို့၊ အားလုံးဝိုင်းဝန်းပံ့ပိုးစို့" ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၄)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊ ၇၃လမ်းနှင့် ၇၄လမ်းကြား၊






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ စိန်ရတုအမျိုးသားစာပေဆုအထိမ်းအမှတ်ပြခန်းအား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။

❐ ရှေ့ဖုံးမှ

ဆရာကြီး၊ ဆရာမကြီးများ၊ ဆုရပုဂ္ဂိုလ်များ၊ စာပေပညာရှင်များ၊ အနုပညာရှင်များ၊ စာပေဝါသနာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က စိန်ရတုအမျိုးသားစာပေဆု အထိမ်းအမှတ်ပြခန်းအား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

### လှည့်လည်ကြည့်ရှု

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် စိန်ရတုအမျိုးသားစာပေဆု အထိမ်းအမှတ်ပြခန်း ၂၀၂၃ ခုနှစ်အတွက် ဆုရရှိသူများ၏ အတ္ထုပ္ပတ္တိ၊ ဓာတ်ပုံ၊ ဆုရစာအုပ်များ၊ စာအုပ်စာစောင်များနှင့် အင်းဝခေတ်မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်မှုပြခန်း၊ စာပေဆိုင်ရာပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် အခမ်းအနားကို စတင်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အနုပညာရှင်များ၏ "စိန်ရတုမှသည် ရာထောင်ချီ" စာပေဆုနှင်းသဘင်ဂုဏ်ပြုသီချင်းဖြင့် ဖျော်ဖြေတင်ဆက်မှုနှင့် "နိုင်ငံ့ဂုဏ်၊ လူမျိုးဂုဏ်ကို စာပေဂုဏ်ဖြင့် မြှင့်တင်မည်" မှတ်တမ်း Video Clip ကို ကြည့်ရှုအားပေးကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ စိန်ရတုအမျိုးသားစာပေဆု အထိမ်းအမှတ်ပြခန်း ၂၀၂၃ ခုနှစ်အတွက် ဆုရရှိသူများ၏ အတ္ထုပ္ပတ္တိ၊ ဓာတ်ပုံ၊ ဆုရစာအုပ်များ၊ စာအုပ်စာစောင်များကို လှည့်လည်ကြည့်ရှုစဉ်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ၌ နှစ်စဉ်နှစ်တိုင်း နတ်တော်လဆန်း ၁ ရက်တွင် မိမိနိုင်ငံနှင့် အများပြည်သူတို့၏ ကောင်းကျိုးအဖြာဖြာကို စာပေကလောင်ဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် စာပေပညာရှင်ကြီးများ၊ စာဆိုတော်ကြီးများ၏ စာပေဂုဏ်ကျေးဇူးကို လေးမြတ်ဂုဏ်ပြုလျက် စာဆိုတော်နေ့ အခမ်းအနားကို ၁၉၄၄ ခုနှစ်မှစတင်ပြီး မြန်မာ့ယဉ်ကျေးမှု အစဉ်အလာတစ်ခုအဖြစ် ကျင်းပလာကြခြင်းဖြစ်ကြောင်း။

မြန်မာစာပေသမိုင်းကို ပြန်ကြည့်မည်ဆိုပါက ပုဂံခေတ်ကစပြီး ယနေ့ခေတ်ကာလအထိ နှစ်ပေါင်းထောင်ချီဖြတ်သန်းလာခဲ့ပြီဖြစ်ကြောင်း၊ ပုဂံခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်၊ ကိုလိုနီခေတ်များမှ ယနေ့ခေတ်ကာလအထိ မြန်မာ့ယဉ်ကျေးမှု အနုပညာအဖြာဖြာ၏ ပင်စည်မဏ္ဍိုင်ကြီးဖြစ်သည့် စာပေနယ်ပယ်ကြီး ဖွံ့ဖြိုးတိုးတက်ခဲ့သည့် အစဉ်အလာကောင်းကို ပိုမိုခိုင်မာတိုးတက်အောင် ဆောင်ရွက်ခဲ့ကြသဖြင့် လေးစားဂုဏ်ယူပါကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ အင်းဝခေတ်မြန်မာစာပေဖွံ့ဖြိုးတိုးတက်မှုပြခန်း၊ စာပေဆိုင်ရာပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

### လူသားများ၏ ခေတ်ကြေးမုံများ

စာပေသည် လူ့အဖွဲ့အစည်း၏ အကြံအစည်၊ အပြုအမူ၊ အနေအထိုင်၊ ဓလေ့ထုံးစံ၊ ဘာသာတရား၊ ပေါင်းသင်းဆက်ဆံရေးစသည့်ကိစ္စများအပြင် ယဉ်ကျေးမှုအနုပညာအပေါင်းတို့၏ အစပြုရာဖြစ်ကြောင်း၊ စာပေသည် လူမျိုး၏ယဉ်ကျေးမှုမဏ္ဍိုင်ဖြစ်ပြီး စာအုပ်မျိုးစုံသည် လူသားများ၏ ခေတ်ကြေးမုံများပင်ဖြစ်ကြောင်း၊ စာအုပ်စာပေသည် လူသားများအတွက် မိတ်ဆွေကောင်းဖြစ်ပြီး စာပေမြင့်လာသည်နှင့်အမျှ လူမျိုးလည်းတင့်တယ်ဝင့်ကြွားလာမည်ဖြစ်ကြောင်း၊ စာပေသည် နိုင်ငံတစ်နိုင်ငံ၏ ယဉ်ကျေးမှုအဆင့်အတန်းကို ထင်ဟပ်နေခြင်းဖြစ်သဖြင့် မြန်မာတို့၏ ဂုဏ်ယူဖွယ်ရာ စာပေနှင့်ပတ်သက်သည့် အစဉ်အလာကောင်းများကို စာပေပညာရှင်များ၊ စာပေကိုတန်ဖိုးထားသည့်ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများနှင့် မျိုးဆက်သစ်များက ဆက်လက်ပြီး လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်ကြရန်လည်း မှာကြားလိုကြောင်း။

### စိန်ရတုသက်တမ်းသို့ ရောက်ခဲ့ပြီ

နိုင်ငံနှင့် ပြည်သူများ၏ ကောင်းကျိုးအတွက် အားထုတ်ရေးဖွဲ့ထုတ်ဝေခဲ့ကြသည့် စာဆိုကြီးများ၏ စာကောင်းပေမွန်လက်ရာများကို နိုင်ငံတော်အဆင့် အမျိုးသားစာပေဆုအဖြစ် ရွေးချယ်ပြီး

*စာမျက်နှာ ၄ သို့*





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၇၅)ကြိမ်မြောက် စိန်ရတုအမျိုးသားစာပေဆုအထိမ်းအမှတ် ၂၀၂၃ ခုနှစ် အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ၂၀၂၃ ခုနှစ် အမျိုးသားစာပေတစ်သက်တာဆုရ စာပေပညာရှင် ဆရာကြီး ဒေါက်တာတိုးလှအား ဆုတံဆိပ်၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် အမှတ်တရဂုဏ်ပြုလက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ၂၀၂၃ ခုနှစ် အမျိုးသားစာပေတစ်သက်တာဆုရ စာပေပညာရှင် ဆရာကြီး ဦးညွန့်ဆွေ (မောင်ဆွေသက်)အား ဆုတံဆိပ်၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် အမှတ်တရဂုဏ်ပြုလက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။

**❖ စာပေသည် လူ့အဖွဲ့အစည်း၏ အကြံအစည်၊ အပြုအမူ၊ အနေအထိုင်၊ ဓလေ့ထုံးစံ၊ ဘာသာတရား၊ ပေါင်းသင်းဆက်ဆံရေးစသည့်ကိစ္စများအပြင် ယဉ်ကျေးမှုအနုပညာအပေါင်းတို့၏ အစပြုရာဖြစ်၊ စာပေသည် လူမျိုး၏ယဉ်ကျေးမှု မဏ္ဍိုင်ဖြစ်ပြီး စာအုပ်မျိုးစုံသည် လူသားများ၏ ခေတ်ကြေးမုံများပင်ဖြစ်၊ စာအုပ်စာပေသည် လူသားများအတွက် မိတ်ဆွေကောင်းဖြစ်ပြီး စာပေမြင့်လာသည်နှင့်အမျှ လူမျိုးလည်း တင့်တယ်ဝင့်ကြွားလာမည်၊ စာပေသည် နိုင်ငံတစ်နိုင်ငံ၏ ယဉ်ကျေးမှုအဆင့်အတန်းကို ထင်ဟပ်နေခြင်းဖြစ်သဖြင့် မြန်မာတို့၏ ဂုဏ်ယူဖွယ်ရာ စာပေနှင့်ပတ်သက်သည့် အစဉ်အလာကောင်းများကို စာပေပညာရှင်များ၊ စာပေကိုတန်ဖိုးထားသည့် ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများနှင့် မျိုးဆက်သစ်များက ဆက်လက်ပြီး လက်ဆင့်ကမ်းထိန်းသိမ်းစောင့်ရှောက်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့အား ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက (၇၅)ကြိမ်မြောက် စိန်ရတုအမျိုးသားစာပေဆု အထိမ်းအမှတ် ဂုဏ်ပြုလက်ဆောင်အား ဂါရဝပြုပေးအပ်စဉ်။

*စာမျက်နှာ ၃ မှ*

စာဆိုတော်နေ့ရောက်တိုင်း နှစ်စဉ် ချီးမြှောက်ဂုဏ်ပြုခြင်းသည် နိုင်ငံ၏ ကောင်းမြတ်သည့် အစဉ်အလာပင်ဖြစ်ကြောင်း၊ ထိုသို့ ကောင်းမွန်သည့်အစဉ်အလာကောင်းကို ၁၉၄၈ ခုနှစ်က စတင်ကျင်းပခဲ့သည်မှာ ယခုဆိုပါက (၇၅) ကြိမ်မြောက်ရှိပြီဖြစ်သဖြင့် စိန်ရတုသက်တမ်းသို့ ရောက်ခဲ့ပြီဖြစ်ကြောင်း။

နိုင်ငံတော်၏ လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း၏ လမ်းညွှန်မှုဖြင့် ၁၉၄၇ ခုနှစ်၊ ဩဂုတ်လတွင် တည်ထောင်ခဲ့သည့် စာပေဗိမာန်သည် တိုင်းရင်းသားပြည်သူများ နိုင်ငံတကာဗဟုသုတတိုးပွားရေးအတွက် ဘာသာပြန်စာပေများ ထုတ်ဝေခဲ့သကဲ့သို့ မြန်မာစာပေဖွံ့ဖြိုးရေးအတွက် ၁၉၄၈ ခုနှစ်တွင် **"စာပေဗိမာန်ကာလပေါ် ဝတ္ထုဆု"** ကို စတင်ချီးမြှင့်ခဲ့ကြောင်း။

**"စာပေဗိမာန်ကာလပေါ်ဝတ္ထုဆု"** ကို **"စာပေဗိမာန်ဆု"**၊ **"အနုပညာစာပေဆိုင်ရာဆု"**၊ **"အမျိုးသားစာပေဆု"** စသည်ဖြင့် ဆုအမည်ကို အဆင့်ဆင့်ပြောင်းလဲခဲ့ပြီး ဆုချီးမြှင့်မည့်ဘာသာရပ်များ၊ ဆုငွေများကိုလည်း အခါအားလျော်စွာ တိုးချဲ့၊ တိုးတက်ချီးမြှင့်ခဲ့ကြောင်း၊ ယခု ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေဆုတွင် ဆုချီးမြှင့်မည့် ဘာသာရပ်(၁၉) မျိုးအထိ ရှိလာခဲ့ပြီဖြစ်ကြောင်း။

**ဘာသာရပ် ၁၃ မျိုး ဆုချီးမြှင့်မည်**

အကြောင်းအမျိုးမျိုးကြောင့် ပုံနှိပ်ထုတ်ဝေခြင်းမပြုဖြစ်သေးသည့် ကလောင်ရှင်တို့၏ကောင်းမွန်သည့် လက်ရာစာမူများကို စာအုပ်အဖြစ် ထုတ်ဝေဖြန့်ချိနိုင်ရန်ရည်ရွယ်ပြီး **"စာပေဗိမာန်စာမူဆု"** ကိုလည်း နှစ်စဉ်ရွေးချယ်ပြီး ချီးမြှင့်ပေးအပ်ခဲ့ကြောင်း၊ ယခုနှစ်အတွက် စာပေဗိမာန်စာမူဆုတွင် ဘာသာရပ် ၁၃ မျိုး ဆုချီးမြှင့်မည်ဖြစ်ကြောင်း။

ထို့ပြင် မိမိတို့မြန်မာနိုင်ငံတွင် မြန်မာစာပေနှင့် နိုင်ငံနှင့်လူမျိုးအကျိုးကို တစ်သက်တာလုံး စာအုပ်စာပေများအားထုတ်ရေးသားပြုစုခဲ့ပြီး ထူးချွန်ပြောင်မြောက်စွာ တာဝန်ကျေခဲ့ကြသည့် ပုဂ္ဂိုလ်များ၏ ဆောင်ရွက်ချက်များကို နိုင်ငံတော်က အသိအမှတ်ပြုသည့်အနေဖြင့် **"အမျိုးသားစာပေတစ်သက်တာဆု"** ကို ၂၀၀၁ ခုနှစ်ကစပြီး နှစ်စဉ် ချီးမြှင့်ပေးအပ်ခဲ့ကြောင်း။

ယခုနှစ်အတွက် အမျိုးသားစာပေဆုများ ရွေးချယ်ရာတွင် ၂၀၂၃ ခုနှစ်အတွင်း ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့သည့် စာအုပ်ပေါင်း ၁၀၅၀ အတွင်းမှ အမျိုးသားစာပေဆုအတွက် သတ်မှတ်ထားသည့် ဘာသာရပ် ၁၉ မျိုးအနက် ဘာသာရပ် ၁၅ မျိုးကို ရွေးချယ်နိုင်ခဲ့ကြောင်း၊ စာပေဗိမာန်စာမူဆုတွင် ပြိုင်ပွဲဝင် စာမူ ၂၈၄ စောင်အတွင်းမှ ဘာသာရပ် ၁၃ မျိုးအနက် ဆုချီးမြှင့်ရန်ထိုက်တန်သည့် စာမူပေါင်း ၃၀ ကို ရွေးချယ်ခဲ့ပြီးဖြစ်သဖြင့် ယနေ့အခမ်းအနားတွင် ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း။

*စာမျက်နှာ ၅ သို့*

စာမျက်နှာ ၄ မှ

အမျိုးသားစာပေဆုနှင့် စာပေဗိမာန် စာမူဆုရရှိခဲ့သည့် စာရေးသူများနှင့် စာအုပ်များ၊ စာမူများကို ကြည့်မည်ဆိုပါကလည်း ကလောင်နု၊ ကလောင်လတ်၊ ကလောင်ရင့်များပါဝင်ပြီး ခေတ်အတွေး၊ ခေတ်အမြင်များကို ထင်ဟပ်ဖော်ကျူးပြီး စေတနာစိတ်နှင့် စာနာစိတ်ထားများ ပွားများစေနိုင်သည့် ရသစာပေများ၊ နိုင်ငံဖွံ့ဖြိုးရေးနှင့် လုံခြုံရေးအတွက် ဖြည့်ဆည်းသင့်သည့် ပြည်တွင်းပြည်ပဆိုင်ရာ ခေတ်မီနည်းပညာများ၊ သိပ္ပံပညာရပ်များကို လူအများနားလည်လွယ်အောင် ရေးသားထားသည့် သုတစာပေများကို စာပေအဆင့်အတန်းမီစွာ ရေးသားထားကြသည်ဟု ဆုရွေးချယ်ရေးအဖွဲ့က သုံးသပ်ထားကြောင်း။

## ဂုဏ်ယူဝမ်းမြောက်

အမျိုးသားစာပေတစ်သက်တာဆုကို ချီးမြှင့်ရာတွင်လည်း စာပေပညာရှင်ကြီးများကို အလေးအမြတ်ထားသည့်အနေဖြင့် တစ်နှစ်ထက် တစ်နှစ်အရေအတွက်တိုးပြီး ချီးမြှင့်ရန်ဆောင်ရွက်ခဲ့ကြောင်း၊ စတင်ခဲ့သည့် ၂၀ဝ၁ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ တစ်နှစ်လျှင် (၁)ဦးသာ ချီးမြှင့်ပြီး နောက်ပိုင်းတွင် တစ်နှစ်ကို (၂) ဦး၊ (၃) ဦး ရွေးချယ်ချီးမြှင့်ခဲ့ကြောင်း၊ မိမိတို့တာဝန်ယူခဲ့သည့်ကာလတွင် တစ်နှစ်လျှင် (၄) ဦးအထိ ဂုဏ်ပြုချီးမြှင့်ခဲ့ကြောင်း၊ ယခုနှစ်တွင်လည်း စာပေပညာရှင်ကြီး (၆) ဦးအထိ ဂုဏ်ပြုချီးမြှင့်သွားမည်ဖြစ်ကြောင်း၊ စာပေပညာရှင်ကြီးများအားလုံးကို အမျိုးသားစာပေ တစ်သက်တာဆုရှင်များအဖြစ် နိုင်ငံတော်က ထိုက်တန်စွာ ချီးမြှောက်ခွင့်ရသည့်အတွက် အတိုင်းမသိ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

## ကောင်းကျိုးများစွာရရှိနိုင်မည်

မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူများအားလုံး၏ ငြိမ်းချမ်းသာယာဝပြောသည့် အနာဂတ်၊ ကောင်းမွန်သည့်ပစ္စုပ္ပန်ကို ကြိုးစားတည်ဆောက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် စာပေပညာရှင်ကြီးများ၏အားသည် အလွန်အရေးပါပြီး ကောင်းကျိုးများစွာ ရရှိနိုင်မည်ဟုလည်း ယုံကြည်ကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း စာပေအနုပညာကဏ္ဍအသီးသီးမှ ပညာရှင်များ မိမိတို့၏ အနုပညာကို အရည်အသွေးမြင့်မားစွာ၊ လွတ်လပ်စွာ ဖန်တီးပုံဖော်နိုင်ရေး တတ်စွမ်းသမျှအားပေးကူညီ ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ ယခုအခါ စာပေပညာရှင်များနှင့် စာပေလောကအကျိုးကို ဖြည့်ဆည်းပေးမည့် **"စာဆိုဗိမာန်"** အဆောက်အအုံကြီးကိုလည်း အိန္ဒိယနိုင်ငံအစိုးရနှင့်ပူးပေါင်းပြီး အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ကြောင်း။

## ချီးမြှင့်အပ်နှင်းလျက်ရှိ

စာအုပ်စာပေထုတ်ဝေရေးကဏ္ဍတွင်လည်း နိုင်ငံတကာနှင့် ချိတ်ဆက်ပြီး စာပေယဉ်ကျေးမှု အပြန်အလှန်ဖလှယ်နိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရက တတ်နိုင်သည့်ဘက်မှ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုကဲ့သို့ စာပေဆိုင်ရာထူးချွန်ဆုများသာမက စာပေနှင့် အနုသုခုမပညာရပ်များတွင် ထူးခြားကောင်းမွန်စွာ တတ်မြောက်သည့်ပုဂ္ဂိုလ်များကိုလည်း ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များ ချီးမြှင့်အပ်နှင်းလျက်ရှိကြောင်း။

## လူ့စွမ်းအားအရင်းအမြစ်များရှိရန်လို

မိမိတို့နိုင်ငံ၏ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုအရှိန်အဟုန်ကို သတင်းအတုအယောင်များ၊ အမုန်းစကားများ၊ ကျင့်ဝတ်သိက္ခာမဲ့ သတင်းအချက်အလက်များက ဟန့်တားဖျက်ဆီးလျက်ရှိကြောင်း၊ တိုင်းရင်းသားညီညွတ်မှုကိုလည်း ပျက်စီးစေနိုင်ကြောင်း၊ မိမိတို့အားလုံး မျှော်မှန်းထားသည့် ငြိမ်းချမ်းရေးပန်းတိုင်ကိုလည်း အနှောင့်အယှက်ဖြစ်စေကြောင်း။

အနာဂတ် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် ပြည်ထောင်စုကြီးကို အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်စေရေး၊ ထာဝရ ငြိမ်းချမ်းရေးရရှိရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ် တည်ဆောက်ရေးတို့တွင် စွမ်းရည်ပြည့်စုံထက်မြက်သည့် လူ့စွမ်းအားအရင်းအမြစ်များရှိရန် လိုအပ်ကြောင်း၊ ထို့ကြောင့် ယနေ့အချိန်တွင် အနာဂတ်၏ အင်အားများဖြစ်သည့် လူငယ်များကို ကိုယ်ရည်ကိုယ်သွေး၊ ကိုယ်စွမ်းကိုယ်စများ မြှင့်တင်ပေးရမည်ဖြစ်ကြောင်း၊ ယင်းအတွက် လိုအပ်သည့် အာဟာရမှာ စာပေလေ့လာဖတ်ရှုခြင်းဖြစ်ပြီး စာပေပညာရှင်၊ စာဆိုတော်များ၏ စာကောင်းပေမွန်များကို လေ့လာဖတ်ရှုသိမှီးကြရမည်ဖြစ်ကြောင်း။

## ပြန်လည်ထုတ်ဝေသင့်

စာအုပ်စာပေဟူသည်မှာ မည်မျှပင် ကာလကြာရှည်က ထုတ်ဝေခဲ့သည်ဖြစ်စေ မဖတ်ရ၊ မလေ့လာရသေးပါက အသစ်ပင်ဖြစ်သည့်အတွက် ယခင်ကထုတ်ဝေခဲ့သည့် စာကောင်းပေမွန်များကို မျိုးဆက်သစ်လူငယ်များ လေ့လာနိုင်ရန်အတွက် ပြန်လည်ထုတ်ဝေသင့်ကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်းကြီးက ထုတ်ဝေခဲ့သည့် လူထုသိပ္ပံကျမ်းတွဲများနှင့် အခြားပြန်လည်ထုတ်ဝေဖြန့်ချိသင့်သည့် စာအုပ်စာပေများကိုလည်း ပြန်ကြားရေးဝန်ကြီးဌာနက ပြန်လည်ထုတ်ဝေရန် လမ်းညွှန်မှာကြားထားကြောင်း၊ မြဝတီစာပေတိုက်ကလည်း ထုတ်ဝေလျက်ရှိကြောင်း။

စာမျက်နှာ ၆ သို့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ၂၀၂၃ ခုနှစ် အမျိုးသားစာပေဆု ဝတ္ထုရှည်ဆုရ စာရေးဆရာ ကြည်မင်းဝေ အား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦး ၂၀၂၃ ခုနှစ် အမျိုးသားစာပေဆု ကလေးစာပေဆုရ ဆရာ ပုလောစိုးနံ့သာ အား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း ၂၀၂၃ ခုနှစ် အမျိုးသားစာပေဆု သုတပဒေသာ(အသုံးချသိပ္ပံ)ဆုရ ဆရာ ဒေါက်တာ တင်ထွန်းဦး အား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မောင်မောင်အေး ၂၀၂၃ ခုနှစ် စာပေဗိမာန်စာမူဆု ဝတ္ထုရှည်ပထမဆုရ ဆရာညိမ်းညို အား ဆုပေးအပ် ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ၂၀၂၃ ခုနှစ် စာပေဗိမာန်စာမူဆု ကဗျာပေါင်းချုပ်ဒုတိယဆုရ ဆရာမ ရွှန်းညို(တာချီလိတ်) အား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး ညိုစော ၂၀၂၃ ခုနှစ် စာပေဗိမာန်စာမူဆု သုတပဒေသာ (ရိုးရိုးသိပ္ပံနှင့် အသုံးချသိပ္ပံ) ဒုတိယဆုရ ဆရာ ဒေါက်တာကောင်းစံ အား ဆုပေးအပ်ချီးမြှင့်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုရရှိသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေဆုရရှိသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

*စာမျက်နှာ ၅ မှ*

မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်ကို ပြည်သူများ လိုလားချက်နှင့်အညီ တည်ဆောက်နိုင်ရေး ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါလုပ်ငန်းများ အောင်မြင်ရေးအတွက် အသိပညာ၊ အတတ်ပညာကြွယ်ဝသည့် လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွက်လာစေရေးနှင့် အသိပညာကြွယ်ဝသည့် လူ့ပတ်ဝန်းကျင်အသိုက်အဝန်းကို ပုံဖော်တည်ဆောက်ပေးရန် လိုအပ်ကြောင်း၊ ထိုသို့တည်ဆောက်ရာတွင် စာအုပ်စာပေများ၏ အသိပညာပေးမှု၊ လမ်းညွှန်မှုများက သာယာဝပြောသည့် လူ့ဘောင်အဖွဲ့အစည်း ဖြစ်ပေါ်လာစေရေးကို များစွာအထောက်အကူပြုနိုင်မည်ဟု ယုံကြည်ကြောင်း။



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ၂၀၂၃ ခုနှစ် စာပေဗိမာန်စာမူဆု ကလေးစာပေ ဒုတိယဆုရ ဆရာမ အင်ကြင်းမေ အား ဆုပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ၂၀၂၃ ခုနှစ် စာပေဗိမာန်စာမူဆု နိုင်ငံရေးစာပေ ပထမဆုရ ဆရာ ကိုတိုး(ရန်ကင်း) အား ဆုပေးအပ်ချီးမြှင့်စဉ်။

**ဆက်လက်ပါဝင်ကူညီပေး**

မြန်မာ့သမိုင်းတစ်လျှောက် စာပေစွမ်းအားနှင့် မြန်မာ့ဂုဏ် မြင့်မားအောင်၊ အကျိုးစီးပွားတိုးတက်အောင် ဆောင်ရွက်ခဲ့သည့် ရဟန်းစာဆို၊ လူပုဂ္ဂိုလ်စာဆို၊ စာဆိုတော်ပညာရှင်ကြီးများကို ချီးကျူးပူဇော်ဂုဏ်ပြုခြင်းသည် မြန်မာတို့၏ ဂုဏ်ယူဖွယ်ရာ အစဉ်အလာတစ်ရပ်ဖြစ်ကြောင်း၊ အစဉ်အလာကောင်းကို ဝါရင့်စာပေပညာရှင်ကြီးများက ထိန်းသိမ်းပြီး မျိုးဆက်သစ်ကလောင်ရှင်များကို လက်ဆင့်ကမ်းပေးကြရန် တိုက်တွန်းလိုကြောင်း၊ မျိုးဆက်သစ် ကလောင်ရှင်များကလည်း စာပေဆိုင်ရာကျင့်ဝတ်၊ နီတိများကို ထိန်းသိမ်းပြီး ခေတ်ကို ထင်ဟပ်စေသည့်၊ အမျိုးဘာသာ သာသနာ ကောင်းကျိုးသယ်ပိုး ဆောင်ရွက်နိုင်သည့်၊ နိုင်ငံ့ပုံရိပ်ကို မြှင့်တင်နိုင်သည့်၊ စာဖတ်ပရိသတ်အတွက် စာဖတ်မှုအရည်အသွေး တိုးမြှင့်စေပြီး ကောင်းကျိုးပြုစေသည့် စာကောင်းပေမွန်များကို ရေးသားဖွဲ့ဆိုနိုင်ကြပါစေဟု ဆန္ဒပြုတိုက်တွန်းမှာကြားလိုကြောင်းနှင့် မြန်မာစာပေလောက နိုင်မြဲစည်ပင် ဖွံ့ဖြိုးရေးအတွက် ဆက်လက်ပါဝင်ကူညီပေးကြရန် မေတ္တာရပ်ခံအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ၂၀၂၃ ခုနှစ် အမျိုးသားစာပေတစ်သက်တာဆုရရှိကြသည့် စာပေပညာရှင် ဆရာကြီး ဒေါက်တာ မင်းတင်မွန် (ပါရဂူမင်းနန္ဒာ)၊ စာပေပညာရှင်ဆရာကြီး ဒေါက်တာ တိုးလှ၊ စာပေပညာရှင်ဆရာကြီး ဦးညွန့်ဆွေ(မောင်ဆွေသက်)၊ စာပေပညာရှင် ဆရာကြီး ဦးသန်းဆွေ (မောင်သန်းဆွေ-ထားဝယ်)၊ စာပေပညာရှင်ဆရာကြီး ဒေါက်တာကျော်ဝင်း (သမိုင်းပါမောက္ခ-ငြိမ်း)နှင့် စာပေပညာရှင်ဆရာကြီး ဦးညွန့်တင် (မောင်ငြိမ်းသူ-ကြို့ပင်ကောက်) တို့ကို ဆုတံဆိပ်များ၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် အမှတ်တရဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

**ဂါရဝပြုပေးအပ်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့အား ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက (၇၅)ကြိမ်မြောက် စိန်ရတုအမျိုးသားစာပေဆုအထိမ်းအမှတ် ဂုဏ်ပြုလက်ဆောင်အား ဂါရဝပြုပေးအပ်သည်။

ဆက်လက်၍ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဗိုလ်ချုပ်ကြီး ညိုစော၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးဝင်းရှိန်နှင့် ဦးမောင်မောင်အုန်းတို့က အမျိုးသားစာပေဆုရရှိသူများနှင့် စာပေဗိမာန်စာမူဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ကြသည်။ *စာမျက်နှာ ၇ သို့*

❑ **မြန်မာ့သမိုင်းတစ်လျှောက် စာပေစွမ်းအားနှင့် မြန်မာ့ဂုဏ် မြင့်မားအောင်၊ အကျိုးစီးပွားတိုးတက်အောင် ဆောင်ရွက်ခဲ့သည့် ရဟန်းစာဆို၊ လူပုဂ္ဂိုလ်စာဆို၊ စာဆိုတော်ပညာရှင်ကြီးများကို ချီးကျူးပူဇော် ဂုဏ်ပြုခြင်းသည် မြန်မာတို့၏ ဂုဏ်ယူဖွယ်ရာ အစဉ်အလာတစ်ရပ်ဖြစ်၊ အစဉ်အလာကောင်းကို ဝါရင့်စာပေပညာရှင်ကြီးများက ထိန်းသိမ်းပြီး မျိုးဆက်သစ်ကလောင်ရှင်များကို လက်ဆင့်ကမ်းပေးကြရန် တိုက်တွန်းလို၊ မျိုးဆက်သစ် ကလောင်ရှင်များကလည်း စာပေဆိုင်ရာကျင့်ဝတ်၊ နီတိများကို ထိန်းသိမ်းပြီး ခေတ်ကို ထင်ဟပ်စေသည့်၊ အမျိုးဘာသာ သာသနာကောင်းကျိုးသယ်ပိုးဆောင်ရွက်နိုင်သည့်၊ နိုင်ငံ့ပုံရိပ်ကို မြှင့်တင်နိုင်သည့်၊ စာဖတ်ပရိသတ်အတွက် စာဖတ်မှုအရည်အသွေးတိုးမြှင့်စေပြီး ကောင်းကျိုးပြုစေသည့် စာကောင်းပေမွန်များကို ရေးသားဖွဲ့ဆို**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ ၂၀၂၃ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုရရှိခဲ့ကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

*စာမျက်နှာ ၆ မှ*

ထို့နောက် အမျိုးသားစာပေတစ်သက်တာဆုရှင် ဆရာကြီး ဦးကျော်ဝင်း (သမိုင်းပါမောက္ခ-ငြိမ်း)က ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင်များက "စာပေစေတနာစာပေဆန္ဒ"ယိမ်းအကဖြင့်လည်းကောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက "စာပေဂုဏ်ရောင်ထွန်းပြောင် တန်ဆောင်ဆီမီး" ကဇာတ်ဖြင့်လည်းကောင်း ကပြဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုရရှိကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးနှင့် အဖွဲ့ဝင်များသည် ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုရရှိခဲ့ကြသူများ၊ အနုပညာရှင်များ၊ စာပေပညာရှင်များနှင့်အတူ ဂုဏ်ပြုနေ့လယ်စာကို အတူတကွ သုံးဆောင်ကြသည်။

နေ့လယ်စာသုံးဆောင်အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ရရှိခဲ့ကြသူများ၊ အနုပညာရှင်များ၊ စာပေပညာရှင်များကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

➤ **စာမျက်နှာ ၂၄ မှ**

ရဲဝင်းဦးနှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ စာပေဆုစိစစ်ရွေးချယ်ရေးကော်မတီဝင်ဆရာကြီး၊ ဆရာမကြီးများ၊ ဆုရပုဂ္ဂိုလ်များ၊ စာပေပညာရှင်များ၊ အနုပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့အား အခမ်းအနား တက်ရောက်လာကြသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

ဂုဏ်ပြုညစာ မသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၊ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင်များ၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များက တေးသံသာများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ သီဆိုတီးမှုတ်ဖျော်ဖြေခဲ့ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်း ပေးအပ်ချီးမြှင့်စဉ်။

ဂုဏ်ပြုညစာသုံးဆောင်အပြီးတွင် သီဆိုတီးမှုတ် ဖျော်ဖြေခဲ့ကြသည့် အနုပညာရှင်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ဂုဏ်ပြုပန်းခြင်းကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ကွန်ပျူတာအခြေခံသင်တန်းဆင်းပွဲ ကျင်းပ

**ကန့်ဘလူ ဒီဇင်ဘာ ၁**

လူငယ်လူရွယ်များနှင့်ဒေသခံပြည်သူများ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ကွန်ပျူတာပညာရပ်များကို စနစ်တကျ လေ့လာကျွမ်းကျင်တတ်မြောက်စေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် ရည်ရွယ်၍ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ကန့်ဘလူခရိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်ခဲ့သည့် ကွန်ပျူတာအခြေခံသင်တန်းအမှတ်စဉ်( ၆/၂၀၂၄)ဆင်းပွဲကို နိုဝင်ဘာ ၂၈ ရက် မွန်းလွဲ ၂ နာရီက လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ကွန်ပျူတာအခြေခံသင်တန်းဆင်းပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းမြင့်က သင်တန်းသားများအနေဖြင့် သင်တန်းမှ သင်ကြားပေးခဲ့သော အခြေခံနည်းပညာများကို ပိုမိုတိုးတက်ကောင်းမွန်အောင် ဆက်လက်သင်ယူရန် လိုအပ်ကြောင်း၊ ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေး၊ လက်ရှိ ဝန်ထမ်းများနှင့် လုပ်ငန်းခွင်ဝင်ရောက်ရန် ပြင်ဆင်နေကြသော လူငယ်လူရွယ်များအတွက် ယခုသင်တန်းကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တာဝန်ရှိသူများက သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်ကို တစ်ဦးချင်းပေးအပ်ခဲ့ကြောင်းနှင့် အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၁၀ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလတစ်လတွင် Microsoft Word၊ Excel၊ Power Point စသည့် ဘာသာရပ်များကို စာတွေ့၊ လက်တွေ့သင်ကြားပေးခဲ့ကြောင်း သိရသည်။

(၄၈၀)

| ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၃)အနိုင်၊ အရှုံး (NGB) | | | |
|---|---|---|---|
| မောင့်ပယ်လီယာ | ၂ - ၂ | | လိုင်လီ |
| လီဟာဗာ | ၀ - ၁ | | အန်ဂါစ် |
| တူးလော့ | ၂ - ၀ | | အော်ဇေး |
| လိုင်ယွန် | ၄ - ၁ | | နိစ် |

| အီတလီ စီးရီးအေဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၄)အနိုင်၊ အရှုံး (NGB) | | |
|---|---|---|
| အူဒီးနီးစ် | ၀ - ၂ | ဂျီနိုအာ |
| ပါးမား | ၃ - ၁ | လာဇီယို |
| တိုရီနို | ၀ - ၁ | နာပိုလီ |

| ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၂)အနိုင်၊ အရှုံး (NGB) | | |
|---|---|---|
| မိန့်ဇ် | ၂ - ၀ | ဟော့ဖန်ဟိန်း |
| ဟိုင်းဒင်ဟိုင်း | ၀ - ၄ | ဖရန့်ဖတ် |

| အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၃)အနိုင်၊ အရှုံး (NGB) | | |
|---|---|---|
| ချဲလ်ဆီး | ၃ - ၀ | ဗီလာ |
| ဖန်ယူ | ၄ - ၀ | အဲဗာတန် |
| စပါး | ၁ - ၁ | ဖူလ်ဟမ် |
| လီဗာပူး | ၂ - ၀ | မန်စီးတီး |

| စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၅)အနိုင်၊ အရှုံး (NGB) | | |
|---|---|---|
| ဗီလာရီးရဲလ် | ၂ - ၂ | ဂျီရိုနာ |
| ရီးရဲမက်ဒရစ် | ၂ - ၀ | ဂီတာဖေး |

| အင်္ဂလိပ်ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၈)အနိုင်၊ အရှုံး (NGB) | | |
|---|---|---|
| ဒါဘီ | ၁ - ၂ | ရှက်ဖီးလ်(Wed) |

## ရှေ့နေလူတော်တစ်ဦးဖြစ်သူ ကတ်ရှ်ပတဲလ်ကို အက်ဖ်ဘီအိုင်ညွှန်ကြားရေးမှူး ခန့်အပ်မည်ဟုဆို

**ဝါရှင်တန် ဒီဇင်ဘာ ၁**




အိန္ဒိယနွယ်ဖွား ရှေ့နေလူတော်တစ်ဦးဖြစ်သူ ကတ်ရှ်ပတဲလ်ကို အက်ဖ်ဘီအိုင်ညွှန်ကြားရေးမှူး ခန့်အပ်မည်ဟု ဒေါ်နယ်လ်ထရမ့်က နိုဝင်ဘာ ၃၀ ရက်တွင် ထုတ်ဖော်ပြောကြားလိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ကတ်ရှ်သည် ရှေ့နေလူတော်တစ်ဦးလည်းဖြစ်၊ စုံစမ်းရေးမှူးကောင်းလည်းဖြစ်သည့်အပြင် အကျင့်ပျက်ခြစားမှုကိုတိုက်ဖျက်ကာ တရားမျှတမှုကို အစဉ်တစိုက်ကာကွယ်ပေးခဲ့သူဖြစ်ကြောင်း ထရမ့်က ၎င်း၏ ကိုယ်ပိုင်လူမှုကွန်ရက်ဖြစ်သော ထရုသ်ဆိုရှယ်တွင် ချီးမွမ်းရေးသားထားသည်။

၎င်းသည် ဒေါ်နယ်လ်ထရမ့်၏ ပထမသမ္မတသက်တမ်းကာလအတွင်း ပေးအပ်သောတာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့ဖူးသဖြင့် ထိုသို့ချီးမွမ်းခံရခြင်းဖြစ်သည်။

လာမည့် ဇန်နဝါရီ ၂၀ ရက်တွင် ဒေါ်နယ်လ်ထရမ့် သမ္မတအာဏာရလာပါက လက်ရှိအက်ဖ်ဘီအိုင်ညွှန်ကြားရေးမှူး ခရစ်စတိုဖာဝေရေးကို ရာထူးမှဖယ်ရှားပြီး ကတ်ရှ်ပတဲလ်ကို ၎င်း၏နေရာ၌ ခန့်အပ်မည်ဖြစ်ကြောင်း သိရသည်။ **Mon**






အသက် ၁၆ နှစ်အောက် ကလေးများ အင်တာနက်လူမှုကွန်ရက်မသုံးရန် ပိတ်ပင်သောဥပဒေ အတည်ပြုပြဋ္ဌာန်းသည့်ကိစ္စနှင့်ပတ်သက်၍ ဝေဖန်သော အီလွန်မတ်စ် နားလည်အောင်ရှင်းပြပေးမည်ဟု သတင်းစာရှင်းလင်းပွဲ၌ ဩစတြေးလျဝန်ကြီးချုပ် အန်သိုနီအယ်လ်ဘာနီးစ် ထုတ်ဖော်ပြောကြားစဉ်။ **Mon**

## ရိုမေးနီးယားနိုင်ငံ ပါလီမန်ရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်များ မဲပေးကာ အမတ်များကိုတင်မြှောက်

**ဘူခါရက်စ် ဒီဇင်ဘာ ၁**

ရိုမေးနီးယားနိုင်ငံ ပါလီမန်ရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်များ ဒီဇင်ဘာ ၁ ရက်က မဲပေးကာ အမတ်များကို ရွေးကောက်တင်မြှောက်ခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

မဲဆန္ဒရှင်များ၏ မဲရလဒ်ကို အခြေခံ၍ ရိုမေးနီးယားပါလီမန် အောက်လွှတ်တော်အတွက် အမတ် ၃၃၃ ဦး၊ ဆီးနိတ်လွှတ်တော်အတွက် ၁၃၃ ဦးတို့ကို ရွေးကောက်တင်မြှောက်မည်ဖြစ်သည်။

ထို့ပြင် အဆိုပါရွေးကောက်ပွဲမှ ပေါ်ထွက်လာမည့် မဲရလဒ်အရ ရိုမေးနီးယားဝန်ကြီးချုပ်ကိုလည်း ခန့်အပ်ရမည်ဟုဆိုသည်။

လက်ယာဝါဒီ ကာလင်းချောင်ရှက်စကူး အနိုင်ရခဲ့သော သမ္မတရွေးကောက်ပွဲအပြီးတွင် ယင်းပါလီမန်ရွေးကောက်ပွဲကို စီစဉ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**Mon**



## ဥရောပသမဂ္ဂ၏ ပိတ်ပင်မှုရုပ်သိမ်းလိုက်သဖြင့် ပီအိုင်အေလေကြောင်းလိုင်း ဥရောပသို့ ပျံသန်းခွင့်ရ

**အစ္စလာမ္မာဘတ် ဒီဇင်ဘာ ၁**

ဥရောပသမဂ္ဂ၏ ပိတ်ပင်မှုရုပ်သိမ်းလိုက်ပြီဖြစ်သဖြင့် ပီအိုင်အေဟု အတိုကောက်ခေါ်ဆိုသော ပါကစ္စတန်လေကြောင်းလိုင်းအနေဖြင့် ဥရောပသို့ ပျံသန်းခွင့်ရပြီဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ပါကစ္စတန်နိုင်ငံရှိ လေကြောင်းပျံသန်းမှုအာဏာပိုင်များက အပြည်ပြည်ဆိုင်ရာ လေကြောင်းပျံသန်းမှု စံချိန်စံညွှန်းများနှင့် ကိုက်ညီအောင်ဖြည့်ဆည်းပေးနိုင်ခြင်းမရှိဟုဆိုကာ ၂၀၂၀ ပြည့်နှစ်ဇွန်လမှစတင်၍ အဆိုပါလေကြောင်းမှ ခရီးသည်တင်လေယာဉ်များကို ဥရောပနိုင်ငံများသို့ လာရောက်ခွင့်မပြုဟု ပိတ်ပင်ခဲ့သည်။

ပထမအဆင့်အနေဖြင့် ဗြိတိန်နိုင်ငံသို့ ပျံသန်းသော ခရီးသည်တင်လေယာဉ်ခရီးစဉ်များ ပြန်လည်စတင်ရန် စီစဉ်လျက်ရှိကြောင်း ပီအိုင်အေလေကြောင်းလိုင်းပြောခွင့်ရသူ အဗ္ဗဒူလာဟာဖီးဇ်ခန်က ရှင်းလင်းပြောကြားသည်။

ဗြိတိန်ဘက်က လက်ခံသဘောတူလျှင် မိမိတို့လေကြောင်းလိုင်းက လန်ဒန်၊ မန်ချက်စတာနှင့် ဘာမင်ဂမ် စသောမြို့များသို့ ခရီးစဉ်များစီစဉ်ပြီး ပျံသန်းသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တော်သို့လည်း အဆိုပါလေကြောင်းပိုင် ခရီးသည်တင်လေယာဉ်များ လာမည့် သုံး၊လေးပတ်အတွင်း ပျံသန်းနိုင်မည်ဟု ၎င်းက မျှော်မှန်းထားကြောင်း သိရသည်။

**Mon**



## အသက် ၇၁ နှစ်အရွယ် မလေးရှားဝန်ကြီးချုပ်ဟောင်း နေအိမ်အကျယ်ချုပ်ကျခံခွင့်ရရန် လျှောက်လဲမည်

**ကွာလာလမ်ပူ ဒီဇင်ဘာ ၁**

အသက် ၇၁ နှစ်အရွယ် မလေးရှားဝန်ကြီးချုပ်ဟောင်း နာဂျစ်ရာဇတ်အနေဖြင့် နေအိမ်အကျယ်ချုပ်ကျခံခွင့်ရရန် ယခုအပတ်အတွင်း တရားလွှတ်တော်သို့ လျှောက်လဲချက်တင်မည်ဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

၎င်းသည် အမေရိကန်ဒေါ်လာ သန်း ၅၅၀ ကျော် အလွဲသုံးမှုအပါအဝင် စွဲချက် ၂၁ ချက်ဖြင့် ထောင်ဒဏ် ၆ နှစ် ကျခံနေရသည်။

ကျန်းမာရေးနှင့် အသက်အရွယ်ကိုထောက်ထားကာ ကျန်ရှိသောထောင်ဒဏ်ကို နေအိမ်အကျယ်ချုပ်ဖြင့်သာ ဆက်လက်ကျခံခွင့်ပြုရန် လျှောက်လဲမည့်သဘောဖြစ်ကြောင်း သိရသည်။

**Mon**

0-0-0-0-0

## ယာယီအပစ်အခတ်ရပ်စဲမှု အကျိုးသက်ရောက်နေဆဲ၌ အစ္စရေးဘက်က လက်ဘနွန်တောင်ပိုင်းကို တိုက်ခိုက်

**ဘေရွတ် ဒီဇင်ဘာ ၁**



အစ္စရေး - ဟစ်ဇဘိုလာ ယာယီအပစ်အခတ်ရပ်စဲမှု အကျိုးသက်ရောက်နေဆဲကာလအတွင်း၌ အစ္စရေးဘက်က လက်ဘနွန်နိုင်ငံတောင်ပိုင်းကို ယမန်နေ့က ဆက်လက်ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

လက်ဘနွန်တောင်ပိုင်း မြို့၊ ရွာအချို့ကို အစ္စရေးဘက်က လေကြောင်းတိုက်ခိုက်မှုပြုလုပ်ရာမှ လူနှစ်ဦး သေဆုံးပြီး ၆ ဦး ဒဏ်ရာရရှိခဲ့ကြောင်း လက်ဘနွန်အစိုးရတပ်မတော်က ထုတ်ပြန်ကြေညာသည်။

တောင်ပိုင်း တိုင်ယာခရိုင်အတွင်းရှိ မတ်ဂျဒါးလ်ဇုန်းမြို့တစ်နေရာတွင် အစ္စရေးဒရုန်းတစ်စင်းက ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ကားတစ်စင်း ထိမှန်ပျက်စီးခဲ့သည်။

ဆီဒွန်ခရိုင်အတွင်းရှိ ဘယ်ဆရီယာမြို့ကိုလည်း အစ္စရေးလေယာဉ်များက နှစ်ကြိမ်ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း လက်ဘနွန်ဘက်က အတည်ပြုသည်။

ဟစ်ဇဘိုလာပစ်မှတ်များကို မိမိတို့ ဦးတည်တိုက်ခိုက်ခြင်းသာဖြစ်သည်ဟု အစ္စရေးတပ်မတော်ကလည်း ချေပရှင်းလင်းခဲ့ကြောင်း သိရသည်။ **Mon**



## အင်အားပြင်း ဖင်ဂါးလ်ဆိုင်ကလုန်းမုန်တိုင်းဒဏ်ကြောင့် အိန္ဒိယနှင့် သီရိလင်္ကာ နှစ်နိုင်ငံတွင် လူ ၁၉ ဦး သေဆုံး

**ဒေလီ ဒီဇင်ဘာ ၁**

အင်အားပြင်းဖင်ဂါးလ်ဆိုင်ကလုန်းမုန်တိုင်းဒဏ်ကြောင့် အိန္ဒိယနှင့် သီရိလင်္ကာ နှစ်နိုင်ငံတွင် လူ ၁၉ ဦး သေဆုံးခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အဆိုပါမုန်တိုင်းသည် ဘင်္ဂလားပင်လယ်အော်ထဲမှ အိန္ဒိယနိုင်ငံတောင်ပိုင်းကမ်းရိုးတန်းကို ဖြတ်သန်းဝင်ရောက်တိုက်ခတ်ခဲ့ခြင်းဖြစ်သည်။

သီရိလင်္ကာနိုင်ငံတွင် ထိုမုန်တိုင်းကြောင့် မိုးသည်းထန်စွာရွာသွန်းရာမှ ရေကြီးမှုဖြစ်ပွားပြီး လူပေါင်း ၁၆ ဦး သေဆုံးခဲ့ကြောင်း သိရသည်။ **Mon**

**STOP AIDS**



# အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ မန္တလေးတပ်နယ် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလူထုအားကစားလ စုပေါင်းလမ်းလျှောက်ပွဲ ကျင်းပပြုလုပ်




**မန္တလေး ဒီဇင်ဘာ ၁**

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ မန္တလေးတပ်နယ်၏ ၂၀၂၄ ခုနှစ် ဒီဇင်ဘာအားကစားလ စုပေါင်း လမ်းလျှောက်ပွဲကို ယနေ့နံနက် ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ် ဌာနချုပ်၊ မန္တလေးနန်းမြို့တွင်းရှိ မြနန်းစံကျော် ရွှေနန်းတော်ကြီး အနီး၌ ကျင်းပပြုလုပ်ရာ အလယ် ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယ တိုင်းမှူး ဗိုလ်မှူးကြီး လင်းနိုင်စိုး၊ တိုင်းစစ်ဌာနချုပ်မှ အရာရှိကြီး များ၊ တပ်နယ်မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များနှင့် မိခိုသူ မိသားစုဝင်များ ပါဝင်ဆင်နွှဲကြ သည်။ (ဓါပုံ)

ရှေးဦးစွာ ဒုတိယတိုင်းမှူး နှင့် အရာရှိ၊ စစ်သည်မိသားစုဝင် များက သတ်မှတ်နေရာမှ စတင် ၍ သတ်မှတ်လမ်းကြောင်း အတိုင်း တပျော်တပါး စုပေါင်းလမ်း လျှောက်ကြသည်။ ထို့နောက် စုရပ်နေရာ၌ စုပေါင်းကိုယ်လက် ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

(၀၃၈)

# အငြိမ်းစားဝန်ထမ်းများအား မကူးစက်နိုင်သောရောဂါများ ရှာဖွေစစ်ဆေးခြင်းနှင့် အခမဲ့ကုသပေး

**ကံမ ဒီဇင်ဘာ ၁**


မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့ ပြည်သူ့ဆေးရုံ၌ အသက်(၆၀)နှင့်အထက် အငြိမ်းစားဝန်ထမ်းများအား မကူးစက် နိုင်သောရောဂါများ ရှာဖွေစစ်ဆေးခြင်းနှင့် ကုသမှုပေးခြင်းအစီအစဉ် အဖြစ် ဆီးချိုသွေးချို၊ သွေးတိုး၊ နှလုံးရောဂါနှင့် အမြင်အာရုံ စစ်ဆေး ပေးခြင်းများကို ယမန်နေ့ နံနက်(၁၀)နာရီက မြို့နယ်ပြည်သူ့ဆေးရုံ တွင် အခမဲ့စမ်းသပ် စစ်ဆေးကုသပေးခဲ့သည်။

ထိုသို့ စစ်ဆေးကုသရာတွင် အငြိမ်းစားဝန်ထမ်းများအား စာရင်း ပေးသွင်းစေပြီး ကိုယ်အလေးချိန်နှင့် အရပ်တိုင်းတာခြင်း၊ သွေး ပေါင်ချိန်တိုင်းတာခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်း၊ ဆီးချို၊ သွေးချို စစ်ဆေးပေးခြင်း၊ ECG စစ်ဆေးခြင်း၊ အမြင်အာရုံများစစ်ဆေး ပေးခြင်း စသည်တို့ကိုဆောင်ရွက်ပေး၍ လိုအပ်သည့်ကုသမှုများအား မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဝေလင်းဗိုလ်နှင့် ကျန်းမာရေးဆရာမ များက အခမဲ့စစ်ဆေးကုသခြင်းများ ဆောင်ရွက်ပေးခဲ့ပြီး အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း စမ်းသပ်စစ်ဆေးကုသပေးလျက်ရှိကြောင်း မြို့နယ် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှ သိရသည်။

**ဇော်ဝမ်းထွန်း(အောင်လံ)**



# မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် Japanese Language Proficiency Test(JLPT) စာမေးပွဲကျင်းပ



**မန္တလေး ဒီဇင်ဘာ ၁**

မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်တွင် ဂျပန်ဖောင်ဒေးရှင်းနှင့် မြန်မာနိုင်ငံ ဂျပန်ပြန် ပညာသင်ဟောင်းအသင်း Myanmar Association Of Japan Alumni (MAJA) တို့ပူးပေါင်း၍ ဂျပန် ဘာသာအရည်အချင်းစစ်(JLPT) စာမေးပွဲကို အဆိုပါတက္ကသိုလ် တွင် ယနေ့နံနက် ၉ နာရီမှ စတင်ကျင်းပခဲ့သည်။

ယင်းစာမေးပွဲတွင် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် စာစစ် ဌာနတွင် N-3 Level မှ စာဖြေသူဦးရေ ၉၉၆ ဦး ဝင်ရောက် ဖြေဆိုခဲ့ကြောင်းနှင့် အဆိုပါ JLPT စာမေးပွဲသည် ကမ္ဘာနှင့်တစ် ဝန်း တစ်ပြိုင်နက်တည်း ကျင်းပသော စာမေးပွဲဖြစ်ကြောင်း သိရ သည်။

မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်သည် မြန်မာနိုင်ငံရှိ နိုင်ငံခြား ဘာသာတက္ကသိုလ်နှစ်ခုအနက် တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ အချိန် ပြည့်ဘွဲ့သင်တန်းများကို သင်ကြားပေးလျက်ရှိသည့်အပြင် ဒီပလို မာသင်တန်းများကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ အင်္ဂလိပ်၊ တရုတ်၊ ဂျပန်၊ ပြင်သစ်၊ ကိုရီးယား၊ ဂျာမန်၊ ရုရှား၊ ထိုင်းဘာသာရပ်များ၊ စီးပွားရေးလုပ်ငန်းသုံး အင်္ဂလိပ်ဘာသာစကား များ (English for Business Purposes-EBP)အပြင် နိုင်ငံ တကာကျောင်းသားများအတွက် မြန်မာဘာသာရပ်ကိုလည်း သင် ကြားပေးနေကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၄)**

## အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်

**နေပြည်တော် ဒီဇင်ဘာ ၁**

၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁ ရက် မြန်မာစံတော်ချိန် ၁၄ နာရီ ၂၇ မိနစ် ၄၄ စက္ကန့်အချိန်တွင် တောင်ငူမြေငလျင်စခန်းမှ အနောက် တောင်ဘက် မိုင် ၉၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ကြံခင်းမြို့၏အနောက်-အနောက်မြောက်ဘက် ၄ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၁၈ ဒသမ ၃၅ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၁၉ ဒီဂရီ၊ အနက် ၅၀ ကီလိုမီတာကို ဗဟိုပြု၍ အင်အား ရစ်(ချ်)တာစကေး ၄ ဒသမ ၉ အဆင့်ရှိ အင်အားအနည်းငယ် ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိ ပါသည်။

မိုး/ဇလ

**လျှပ်စစ်သုံးလျှင် သတိယှဉ်**
**ဝန်အားမမျှ မသုံးရ။**

# တောင်သူများ လုပ်ငန်းအဆင်ပြေရန် နည်းစနစ်များ ဖြန့်ဝေ

**မန္တလေး ဒီဇင်ဘာ ၁**

မွေးမြူရေးနှင့်ကုသရေးဦးစီး ဌာန မန္တလေးတိုင်းဒေသကြီးဦးစီး ဌာနအနေဖြင့် မွေးမြူရေးလုပ်ငန်း ရှင်များ၊ မွေးမြူရေးလုပ်ငန်းလုပ် ကိုင်ဆောင်ရွက်သည့် တောင်သူ များ အဆင်ပြေစွာလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် ပညာပေးလုပ်ငန်းများ၊ ကုသရေး ဆိုင်ရာများ၊ ဆေးဝါး၊ အစား အစာ၊ မျိုးရေများကို လွယ်ကူစွာ ရရှိရေးနှင့် အသုံးပြုနည်းစနစ် များကို ဖြန့်ဝေဆောင်ရွက်လျက် ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိ ရာတွင် မန္တလေးတိုင်းဒေသကြီး ဦးစီးဌာနသည် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မေထုန်မဲ့ သားစပ်ရာတွင် အသုံးပြုမည့် ပစ္စည်းကိရိယာများ၊ ကျွဲ၊ နွား ကူးစက်ရောဂါကာကွယ်ဆေး များဖြစ်ကြသော လည်ချောင်းကွဲ ရောဂါကာကွယ်ဆေး၊ ပေါင်ပုတ် လက်ပုတ်ရောဂါကာကွယ်ဆေး၊ ဒေါင့်သန်းရောဂါကာကွယ်ဆေး နှင့်တိုင်းရင်းကြက်များအတွက် အပူဒဏ်ခံကြက်လည်လိန်မျက် စဉ်းများ၊ ကာကွယ်ဆေးထိုးရာ တွင် အသုံးပြုမည့်ဆေးထိုးပိုက် များ၊ အပ်များ၊ နွားနို့ညှစ်ရာတွင် အသုံးပြုနိုင်သည့် နို့ညှစ်စက်များ၊ နို့ပုံးများနှင့် ရွှေအိုး၊ Sunday၊ မြဘုရင်တို့မှ ထုတ်လုပ်သည့် နို့ နှင့် နို့ထွက်ပစ္စည်းများကို ပြသ ၍ အသိပညာပေး လက်ကမ်း စာစောင်များ ပေးဝေခဲ့ကြကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၃)**

# မတ်ပဲ အဝင်များလာခြင်းနှင့် ပြည်ပဝယ်ယူမှုနည်းပါးသွားခြင်းကြောင့် ဈေးနှုန်းကျဆင်းလာ



**မန္တလေး ဒီဇင်ဘာ ၁**

မန္တလေး ပဲမျိုးစုံဈေးကွက် အတွင်း မတ်ပဲအသစ်များ အဝင် များပြားလာသည့်အပြင် ပြည်ပ နိုင်ငံများက ဝယ်ယူမှု နည်းပါး သွားခြင်းတို့ကြောင့် မတ်ပဲ ဈေးနှုန်းများကျဆင်းလာကြောင်း မန္တလေးပွဲစားကုန်သည်စက်ပိုင် များ မဟာကထိန်တော်အသင်း က သိရသည်။

မတ်ပဲကို အဓိကဝယ်ယူနေ သော အိန္ဒိယနိုင်ငံမှ ၎င်းတို့ လိုအပ်ချက်ပမာဏပြည့်မီသွား ခြင်းကြောင့် အရေအတွက်လျှော့ ချဝယ်ယူလာခြင်း၊ မတ်ပဲများ ဈေးကွက်အတွင်းသို့ လှိုင်လှိုင် ဝင်ရောက်လာခြင်းတို့ တိုက်ဆိုင် ကာ ဈေးနှုန်းအနည်းငယ်ကျဆင်း လာခြင်းဖြစ်သည်။

"ဒီတစ်ပတ်အတွင်းမှာ ဈေး က အနည်းငယ်ကျလာတာ တွေ့ ရပါတယ်။ တစ်အိတ်ကို ငွေကျပ် သောင်းဂဏန်းလောက် ကျဆင်း လာပါတယ်။ အဓိကကတော့ အိန္ဒိယနိုင်ငံက ဝယ်ယူမှု လျှော့ ချသွားတဲ့အတွက် ပြည်တွင်း ကုန်သည်တွေကလည်း ဈေးကို လျှော့ချဝယ်ယူလာတယ်။ ပဲ တွေကလည်း ဈေးကွက်ထဲမှာ နည်းနည်းပေါလာတဲ့အတွက် ဖြစ်ပါတယ်။ အခုအနေအထား ကတော့ ဈေးနှုန်းက အေးနေဦး မှာပါ"ဟု အဆိုပါအသင်းက ကုန်သည် ဦးစိုးနိုင်က ပြောသည်။

မန္တလေး ပွဲစားကုန်သည် စက်ပိုင်များ မဟာကထိန်တော် အသင်းရှိ မတ်ပဲဈေးနှုန်းများမှာ နိုဝင်ဘာ ၁၉ ရက်တွင် မတ်ပဲ သုံးတင်းဝင်တစ်အိတ်(ပိဿာ ၆၀)လျှင် ငွေကျပ် ၃၂၀၀၀၀- ၃၃၀၀၀၀ ဝန်းကျင်မှ နိုဝင်ဘာ ၂၉ ရက်တွင် ငွေကျပ် ၃၀၀၀၀၀ -၃၂၀၀၀၀ ဝန်းကျင်သို့ ဈေးနှုန်း ကျဆင်းလာပြီး အရောင်းအဝယ် အေးနေသည်။

မန္တလေးဈေးကွက်အတွင်း တွင် မတ်ပဲ စတင်ဝင်ရောက် လာသည့်ဒေသများ မတ္တရာ၊ စဉ့် ကူးနယ်ဒေသများဖြစ်ကြောင်း၊ ဆက်လက်၍ မုံရွာ၊ ရွှေဘို၊ ပခုက္ကူ၊ မြင်းခြံဒေသများမှာ လည်း လှိုင်လှိုင်ထပ်မံထွက်ရှိ လာမည်ဖြစ်ကြောင်း၊ မတ်ပဲကို မြန်မာနိုင်ငံအလယ်ပိုင်းဒေသ များတွင် ဩဂုတ်လ၌ စတင် စိုက်ပျိုးကာ ဇန်နဝါရီလတွင် လှိုင်လှိုင်ပေါ်ထွက်လေ့ရှိကြောင်း၊ မြန်မာနိုင်ငံအောက်ပိုင်းဒေသ များဖြစ်သည့် ဧရာဝတီ၊ ရန်ကုန်၊ ပဲခူးတိုင်းဒေသကြီးများတွင် ဖေဖော်ဝါရီလနှင့် မတ်လအတွင်း လှိုင်လှိုင်ထွက်ပေါ်လေ့ရှိကြောင်း သိရသည်။ (အပေါ်ဓါပုံ)

**(မန္တလေးနေ့စဉ်-၈)**

# တာချီလိတ်မြို့ပေါ်ရပ်ကွက်များအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာတာဝန်ရှိသူများအယောင်ဆောင်ကာ နေအိမ်များအတွင်း ဝင်ရောက်၍ ဖုန်းနှင့် ငွေကြေးများ ခြောက်လှန့်တောင်းယူခဲ့သူ အမျိုးသားရှစ်ဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

နေပြည်တော် ဒီဇင်ဘာ ၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ မြို့ပေါ်ရပ်ကွက်များအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများ အယောင်ဆောင်ကာ နေအိမ်များအတွင်း ဝင်ရောက်၍ လုံခြုံရေးအရ ဧည့်စာရင်းစစ်ဆေးမည်ဖြစ်ကြောင်း အကြောင်းပြကာ ဖုန်းနှင့်ငွေကြေးများ ခြောက်လှန့်တောင်းယူမှုများဖြစ်ပွားနေကြောင်း ဒုစရိုက်မှုကို မလိုလားသူ တာဝန်သိပြည်သူများ၏ သတင်းပေးပို့တိုင်တန်းချက်များအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး နယ်မြေအတွင်း သတင်းရယူစုံစမ်းခြင်း၊ အသွင်ယူစောင့်ကြည့်ခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၃၀ ရက် နံနက်ပိုင်းတွင် တာချီလိတ်မြို့ပေါ်ရပ်ကွက်များရှိ နေအိမ်အချို့အား လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများ အယောင်ဆောင်၍ ဖုန်းနှင့် ငွေကြေးများ ခြောက်လှန့်တောင်းယူခဲ့ကြသူများဖြစ်ကြသည့် တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက်နေ ဇော်ဖြိုးလွင်(ခ) တာလေ (၂၈) နှစ်နှင့် သီဟ(၄၄)နှစ်၊ မကာဟိုခမ်းရပ်ကွက်နေ မိုးနှင်းလျှံ(ခ) ဘဦး(၃၀) နှစ်နှင့် မျိုးဦး(ခ)ဝေယံ(၃၁)နှစ်၊ ရန်အောင်မြေရပ်ကွက်နေ သိန်းထိုက်အောင် (ခ) အရှည်ကြီး (၂၇)နှစ်နှင့် ဝင်းသက်အောင်(ခ) ဝင်းမင်းသန့်(၃၄) နှစ်၊ မယ်ခေါင်ရပ်ကွက်နေ ခင်မောင်ထိုက် (ခ)ကုလား (၂၅)နှစ်၊ ဝမ်ကောင်းရပ်ကွက်နေ မျိုးမင်းထက်(၂၈) နှစ်တို့ ရှစ်ဦးအား ၎င်းတို့၏နေအိမ်အသီးသီး၌ ခြောက်လှန့်တောင်းယူမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် Alphard အမျိုးအစား အဖြူရောင် မော်တော်ယာဉ်တစ်စီး၊ M16 ပုံစံတူ (Air Gun) တစ်လက်၊ ပစ္စတိုသေနတ်အတု (Air Gun) တစ်လက်၊ ပြောက်ကျားဦးထုပ်တစ်လုံး၊ ပြောက်ကျားယူနီဖောင်း နှစ်စုံတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ ဇော်ဖြိုးလွင်(ခ) တာလေပါ ရှစ်ဦးတို့အား စစ်ဆေးပေါ်ပေါက်ချက်များအရ ၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်း တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက်အတွင်းရှိ အငှားနေအိမ်လိုင်းခန်းတစ်ခုမှ တရားခံဇော်ဖြိုးလွင်(ခ)တာလေ၊ သိန်းထိုက်အောင်(ခ)အရှည်ကြီး၊ သီဟနှင့် ဖမ်းဆီးရန်ကျန်တရားခံ မဲကြီးတို့ လေးဦးကို ဖုန်းမျိုးစုံနှစ်လုံးနှင့် ထိုင်းဘတ်ငွေ ၂၀၀၀၀ ခန့်နှင့်လည်းကောင်း။

အောက်တိုဘာလအတွင်း တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက်အတွင်းရှိ နေအိမ်တစ်အိမ်မှ တရားခံ ဇော်ဖြိုးလွင်(ခ) တာလေ၊ သိန်းထိုက်အောင်(ခ)အရှည်ကြီး၊ မိုးနှင်းလျှံ(ခ) ဘဦး၊ မျိုးမင်းထက်၊ မျိုးဦး(ခ)ဝေယံနှင့် ဖမ်းဆီးရန်ကျန်တရားခံ မဲကြီးတို့ ခြောက်ဦးက ဖုန်းမျိုးစုံခြောက်လုံးနှင့် ထိုင်းဘတ်ငွေ ၂၀၀၀၀ ခန့်အားလည်းကောင်း၊ တာချီလိတ်မြို့ ဆေးခမ်းရပ်ကွက်အတွင်းရှိ နေအိမ်တစ်အိမ်မှ ဖုန်းမျိုးစုံ ခုနစ်လုံးနှင့် ထိုင်းဘတ်ငွေ ၁၄၀၀၀ ခန့်အားလည်းကောင်း၊ တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက်အတွင်းရှိ နေအိမ်တစ်အိမ်မှ တရားခံ ဇော်ဖြိုးလွင်(ခ) တာလေ၊ မိုးနှင်းလျှံ(ခ) ဘဦး၊ ဝင်းသက်အောင်(ခ) ဝင်းမင်းသန့်နှင့် ဖမ်းဆီးရန်ကျန်တရားခံမဲကြီးတို့ လေးဦးကို ဖုန်းမျိုးစုံ ငါးလုံးနှင့် ထိုင်းဘတ်ငွေ ၇၀၀၀ ခန့်အားလည်းကောင်း။

နိုဝင်ဘာလအတွင်း တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက်အတွင်းရှိ နေအိမ်တစ်အိမ်မှ တရားခံ ဇော်ဖြိုးလွင်(ခ) တာလေ၊ သိန်းထိုက်အောင် (ခ) အရှည်ကြီး၊ သီဟနှင့် ခင်မောင်ထိုက်(ခ)ကုလားတို့ လေးဦးက ဖုန်းမျိုးစုံလေးလုံးနှင့် ထိုင်းဘတ်ငွေ ၁၂၀၀၀ ခန့်အားလည်းကောင်း လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများ အယောင်ဆောင်ကာ ပြောက်ကျားယူနီဖောင်းများ ဝတ်ဆင်ပြီး M16 ပုံစံတူ (AirGun) တစ်လက်၊ ပစ္စတိုသေနတ်(AirGun) တစ်လက်နှင့် ဝင်းသက်အောင်ပိုင်ဆိုင်သည့် Alphard အဖြူရောင်မော်တော်ယာဉ်တို့အား အသုံးပြု၍ လုံခြုံရေးအရ ဧည့်စာရင်းစစ်ဆေးမည်ဖြစ်ကြောင်း အကြောင်းပြကာ နေအိမ်ရှိသူများထံမှ ဖုန်းမျိုးစုံ ၂၄ လုံးနှင့် ထိုင်းဘတ်ငွေ ၇၃၀၀၀ တို့အား ငါးကြိမ်တိတိခြောက်လှန့်တောင်းယူခဲ့ကြကြောင်း ဖော်ထုတ်သိရှိရသည်။



တာချီလိတ်မြို့ပေါ်ရပ်ကွက်များအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများ အယောင်ဆောင်ကာ နေအိမ်များအတွင်းဝင်ရောက်၍ ဖုန်းနှင့်ငွေကြေးများ ခြောက်လှန့်တောင်းယူခဲ့သူ အမျိုးသားရှစ်ဦးကို သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။



တာချီလိတ်မြို့ပေါ်ရပ်ကွက်များအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများ အယောင်ဆောင်ကာ နေအိမ်များအတွင်းဝင်ရောက်၍ ဖုန်းနှင့်ငွေကြေးများခြောက်လှန့်တောင်းယူခဲ့သည့် ဖြစ်စဉ်မှ ပြစ်မှုကျူးလွန်စဉ် တရားခံများအသုံးပြုခဲ့သည့် သက်သေခံပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။

နေအိမ်များအတွင်း ဝင်ရောက်ကာ ခြောက်လှန့်တောင်းယူမှုများအတွင်း ဇော်ဖြိုးလွင်(ခ) တာလေ၊ သိန်းထိုက်အောင်(ခ) အရှည်ကြီးနှင့် ဖမ်းဆီးရန်ကျန်တရားခံမဲကြီးတို့က လုံခြုံရေးတပ်ဖွဲ့ ယူနီဖောင်းများဝတ်ဆင်၍ ဦးဆောင်ကျူးလွန်ခဲ့ကြပြီး ကျန်တရားခံခြောက်ဦးတို့က အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများအယောင်ဆောင်၍ ပူးပေါင်းကျူးလွန်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ၎င်းတို့ ခြောက်လှန့်တောင်းယူရရှိခဲ့သည့် လက်ကိုင်ဖုန်းများနှင့် ငွေကြေးများအား သိမ်းဆည်းရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်တွင် တာချီလိတ်မြို့ပေါ်ရပ်ကွက်များအတွင်းရှိ နေအိမ်အချို့သို့ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများ အယောင်ဆောင်၍ လုံခြုံရေးအရ ဧည့်စာရင်းစစ်ဆေးမည်ဖြစ်ကြောင်း အကြောင်းပြကာ နေအိမ်အတွင်းသို့ ဝင်ရောက်၍ ဖုန်းနှင့် ငွေကြေးများအား ခြောက်လှန့်တောင်းယူခဲ့ကြသူ ဖမ်းဆီးရမိတရားခံ ဇော်ဖြိုးလွင်(ခ)တာလေပါ ရှစ်ဦးအား သက်ဆိုင်ရာ ရဲစခန်းများ၌ ပြစ်မှုတစ်ခုချင်းစီအလိုက် အမှုများ အသီးသီးရေးဖွင့်ဆောင်ရွက်ထားရှိပြီး ထွက်ပြေးတိမ်းရှောင်နေသော တရားခံမဲကြီးအား အမြန်ဆုံးဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် အလားတူဒုစရိုက်မှုများ ကျူးလွန်နိုင်မှုမရှိစေရေး မိဘပြည်သူများအနေဖြင့် ဒုစရိုက်သမားများ၏ လှုပ်ရှားသွားလာမှုများအားသိရှိပါက နီးစပ်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များထံ အသိပေးသတင်း ပေးပို့တိုင်ကြားနိုင်ကြောင်း သတင်းထုတ်ပြန်ထားသည်။

သတင်းစဉ်

# ဖျာပုံမြစ်ဝ အနောက်တောင်ဘက် ၂၅ မိုင်ခန့်အကွာတွင် သောင်တင်၍ ရေဝင်နစ်မြုပ်နေသော ငါးဖမ်းလှေတစ်စင်း တပ်မတော်(ရေ) ကွပ်ကဲမှုအောက် စစ်ဆင်ရေးရေပြင် ဧရိယာအတွင်း တာဝန်ထမ်းဆောင်လျက်ရှိသည့် အမြန်သွားကင်းလှည့်ရေယာဉ်မှ ကူညီကယ်ဆယ်

နေပြည်တော် ဒီဇင်ဘာ ၁

တပ်မတော်(ရေ) ကွပ်ကဲမှုအောက် စစ်ဆင်ရေး ရေပြင်ဧရိယာအတွင်း တာဝန် ထမ်းဆောင်လျက်ရှိသော အမြန်သွား ကင်းလှည့်ရေယာဉ်မှ လုံခြုံရေး တပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၂၉ ရက် ည ၈ နာရီ ၁၅ မိနစ်ခန့်၌ ဖျာပုံမြစ်ဝ အနောက်တောင်ဘက် ၂၅ မိုင်ခန့်အကွာတွင် ငါးဖမ်းလှေတစ်စင်း သောင်တင်၍ ရေဝင်နစ်မြုပ်နေကြောင်း သတင်းရရှိသဖြင့်သွားရောက်ခဲ့ရာ ဖျာပုံမြို့မှ ရန်ကုန်သို့ထွက်ခွာလာသော မြမျိုးလွင်(၉) အမည်ရှိ လှေသား ၁၉ ဦးပါ တရွတ်ဆွဲငါးဖမ်းလှေသည် ရုတ်တရက်လှိုင်းလှေ ပြင်းထန်ကာ သောင်တင်မှုဖြစ်ခဲ့ခြင်းကြောင့် ရေယာဉ်ဝမ်းဗိုက်အတွင်း ရေဝင်မှုများဖြစ်ပေါ်ကာ လှေတစ်ဝက်မှာ နစ်မြုပ်နေသဖြင့် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများဆောင်ရွက်ခဲ့ပြီး ကယ်ဆယ်ရရှိသည့်လှေသားများအား စစ်ရေယာဉ်ပေါ်သို့တင်ဆောင်၍ လိုအပ်သော ကျန်းမာရေးစစ်ဆေး ကုသခြင်း၊ အဝတ်အထည်နှင့် အစားအသောက်များ ထောက်ပံ့ပေးအပ်ခြင်းများ ဆောင်ရွက်ခဲ့သည်။



အဆိုပါ ကယ်ဆယ်ရေး ဆောင်ရွက်ထားသည့် ငါးဖမ်းလှေမှ လှေသားများကို နိုဝင်ဘာလ ၃၀ ရက် ည ၈ နာရီ ၁၀ မိနစ်ခန့်တွင် လှေပိုင်ရှင်ဖြစ်သူထံသို့ စနစ်တကျ လွှဲပြောင်းအပ်နှံခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်


## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

# နိုင်ငံတကာ အားကစား သတင်းများ

## 2024 Open BLS de Limoges တင်းနစ်ပြိုင်ပွဲ ဒီဇင်ဘာ ၉ ရက်တွင် စတင်မည်



**ပဲရစ် ဒီဇင်ဘာ ၁**

ပြင်သစ်နိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 Open BLS de Limoges တင်းနစ်ပြိုင်ပွဲ လာမည့်ဒီဇင်ဘာ ၉ ရက်တွင် စတင်ကျင်းပသွားမည် ဖြစ်သည်။

အဆိုပါ 2024 Open BLS de Limoges တင်းနစ်ပြိုင်ပွဲကို ဒီဇင်ဘာ ၉ရက် မှ ၁၆ရက်အထိ ၈ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2024 Open BLS de Limoges တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်မယ်များစွာဝင် ရောက်ယှဉ်ပြိုင်သွားမည် ဖြစ်သည်။ (ဝဲပုံ)

Open BLS de Limoges တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ စပိန်တင်းနစ်မယ် Cristina Bucsa ဖြစ်သည်။ (NGB)

## နိုဝင်ဘာလအတွက် စပိန်လာလီဂါ တစ်လတာအကောင်းဆုံးကစားသမားဆုကို ဗင်နီစီယပ်စ်ဆွတ်ခူး

**မက်ဒရစ် ဒီဇင်ဘာ ၁**

စပိန်လာလီဂါမှ လစဉ်လတိုင်းပေးအပ်ချီးမြှင့်လျက်ရှိသည့် နိုဝင်ဘာလအတွက် တစ်လတာအကောင်းဆုံး ကစားသမားဆုကို ရီးရဲလ်မက်ဒရစ်အသင်း တိုက်စစ်မှူး ဗင်နီစီယပ်စ်က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ပြီးခဲ့သည့် နိုဝင်ဘာလအတွင်းက ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ စပိန်လာလီဂါပွဲစဉ် ၂ပွဲကစားပြီး ၂ပွဲလုံး အနိုင်ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ခြင်းကြောင့် ယခုဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဗင်နီစီယပ်စ်သည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ၂၀၁၈-၂၀၁၉မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၈၂ပွဲကစားကာ ၉၅ဂိုးထိ သွင်းယူထားသည်။



အသက်(၂၄)နှစ်အရွယ်ရှိ ဗင်နီစီယပ်စ်က "ကျွန်တော် အခုလို မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလိုမှတ်တမ်းတွေနဲ့ အသင်းအောင်မြင်မှုများရရှိဖို့ ဆက်လက်ကြိုးစားသွားမှာပါ" ဟု ပြောသည်။ (ဝဲပုံ) (NGB)

## ဇက်ခ်ဇီအား ခေါ်ယူရန် ဂျူဗင်တပ်အသင်းစီစဉ်


**လန်ဒန် ဒီဇင်ဘာ ၁**

ဂျူဗင်တပ်အသင်းသည် မန်ချက်စတာယူနိုက်တက်အသင်းနှင့် အဆင်မပြေဖြစ်နေသည့် တိုက်စစ်မှူး ဇက်ခ်ဇီအား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၃)နှစ်အရွယ်ရှိ ဇက်ခ်ဇီသည် မန်ချက်စတာယူနိုက်တက်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၁၈ပွဲကစားပြီး ၁ဂိုးသွင်းယူထားသည်။

တိုက်စစ်မှူး ဇက်ခ်ဇီသည် လက်ရှိအသင်းနည်းပြသစ် အာမိုရင်လက်ထက်တွင် ပွဲထွက်ခွင့်ရရှိရန် ရာခိုင်နှုန်းနည်းပါးနေခြင်းကြောင့် မန်ချက်စတာယူနိုက်တက်အသင်းမှ ထွက်ခွာသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် ဂျူဗင်တပ်အသင်းအနေဖြင့် လာမည့် ဆောင်းရာသီဈေးကွက်အတွင်းတွင် မန်ချက်စတာယူနိုက်တက်အသင်းထံမှ ဇက်ခ်ဇီအား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ (အောက်ပုံ) (NGB)



## မာလစ်ခ်ဖိုဖာနာအား ခေါ်ယူရန် အက်စတွန်ဗီလာအသင်းစိတ်ဝင်စား

**လန်ဒန် ဒီဇင်ဘာ ၁**

အက်စတွန်ဗီလာ အသင်းသည် လိုင်ယွန်အသင်း တောင်ပံကစားသမား မာလစ်ခ် ဖိုဖာနာအား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၁၉)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် အနာဂတ်တွင် ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရသည့်အပြင်၊ လိုင်ယွန်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၈ပွဲကစားပြီး ၁၀ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အက်စတွန်ဗီလာအသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။



လိုင်ယွန်အသင်းကလည်း လက်ရှိအချိန် ဘဏ္ဍာရေးအကြပ်အတည်းကြောင့် မာလစ်ခ်ဖိုဖာနာအတွက် သင့်တင့်သည့် ပြောင်းရွှေ့ဈေးနှုန်းရရှိပါက ရောင်းချသွားဖွယ်ရှိသည်။

ထို့ကြောင့် အက်စတွန်ဗီလာအသင်းအနေဖြင့် လာမည့် ဆောင်းရာသီဈေးကွက်အတွင်းတွင် လိုင်ယွန်အသင်းထံမှ မာလစ်ခ်ဖိုဖာနာအား ခေါ်ယူသွားနိုင်မည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ (ဝဲပုံ) (NGB)

## ပါရဲရား ဖူလ်ဟမ်အသင်းမှ ထွက်ခွာဖွယ်ရှိ

**လန်ဒန် ဒီဇင်ဘာ ၁**

ဖူလ်ဟမ်အသင်း ကွင်းလယ်ကစားသမား ပါရဲရား လာမည့်ဆောင်းရာသီဈေးကွက်အတွင်းတွင် အသင်းမှ ထွက်ခွာသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

အသက်(၂၈)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် မာဆေးလ်အသင်း အပါအဝင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။ (ယာပုံ)

ကွင်းလယ်ကစားသမား ပါရဲရားသည် ဖူလ်ဟမ်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၉၄ပွဲကစားပြီး ၉ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

ထို့ကြောင့် ကွင်းလယ်ကစားသမား ပါရဲရားအနေဖြင့် လက်ရှိထွက်ပေါ်နေသည့် သတင်းများအတိုင်း ဖူလ်ဟမ်အသင်းမှ ထွက်ခွာပြီး မည်သည့်အသင်းသို့ ပြောင်းရွှေ့ရောက်မည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ (NGB)



## AFC Futsal Goalkeeping Level 1 Coaching Certificate Course 2024 သင်တန်းပိတ်ပွဲ အခမ်းအနား ပြုလုပ်

AFC Futsal Goalkeeping Level 1 Coaching Certificate Course 2024 သင်တန်း ပိတ်ပွဲအခမ်းအနားကို နိုဝင်ဘာ ၃၀ ရက် ညနေပိုင်းက သုဝဏ္ဏကွင်းအတွင်းရှိ သတင်းစာရှင်းလင်းပွဲ ခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားသို့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးထိပ်ခွန်နောင်မြင့်ဝေ၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးစည်သူဝင်း၊မြန်မာနေရှင်နယ်လိဂ်အမှုဆောင်အရာရှိချုပ် ဦးစိုးမိုးကျော်၊ ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူးနှင့် သင်တန်းနည်းပြဆရာ Mr. Devandran Supramanium တို့က နှုတ်ခွန်းဆက် အမှာစကားပြောကြားခဲ့ပြီး သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။ ထို့နောက် သင်တန်းဆင်း လက်မှတ်များ ပေးအပ်ခဲ့ပြီး အမှတ်တရစုပေါင်းဓာတ်ပုံ ရိုက်ကူးကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

AFC Futsal Goalkeeping Level 1 Coaching Certificate Course 2024 သင်တန်းကို နိုဝင်ဘာ ၂၆ ရက်မှ ၃၀ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား၊သင်တန်းသူ ၁၄ ဦး တက်ရောက်ခဲ့ကြသည်။ (အောက်ပုံ) (NGB)




## ကိုနာတီ ဒူးဒဏ်ရာကြောင့် နှစ်လနီးပါးခန့် အနားယူရဖွယ်ရှိ

**လန်ဒန် ဒီဇင်ဘာ ၁**

လီဗာပူးအသင်း နောက်ခံကစားသမား ကိုနာတီ ဒူးဒဏ်ရာကြောင့် နှစ်လနီးပါးခန့် အနားယူရဖွယ်ရှိနေသည်။ (အောက်ယာပုံ)

အဆိုပါ နောက်ခံကစားသမားသည် ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် လီဗာပူးအသင်းက ရီးရဲလ်မက်ဒရစ်အသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဒူးဒဏ်ရာ ရရှိခဲ့ခြင်းဖြစ်သည်။

နောက်ခံကစားသမား ကိုနာတီ ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် လီဗာပူးအသင်းအတွက်လည်း ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၅)နှစ်အရွယ်ရှိ နောက်ခံကစားသမား ကိုနာတီသည် လီဗာပူးအသင်းနှင့်အတူ ၂၀၂၁-၂၀၂၂မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၀၈ ပွဲကစားပြီး ၅ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။ (NGB)



### စပိန် လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၅)ဇယား — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ၅ ပွဲ ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၃-၁၂-၂၀၂၄ | (၁၂)ဆီဗီလာ - အိုဆာဆူနာ(၆) | ဆီဗီလာ ၁-၁ အိုဆာဆူနာ | ဆီဗီလာ(အိမ်) | ၇ | ၄ | - | ၃ | ၆ | ၇ |
| နံနက်၀၂း၃၀နာရီ | (L,W,L,L,W) (L,W,W,L,D) | အိုဆာဆူနာ ၀-၀ ဆီဗီလာ | အိုဆာဆူနာ(ဧည့်) | ၆ | ၁ | ၂ | ၃ | ၄ | ၁၂ |

### အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၄)ဇယား — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ၅ ပွဲ ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၃-၁၂-၂၀၂၄ | (၁၂)ဂျီနိုအာ - အတ္တလန်တာ(၂) | ဂျီနိုအာ ၁-၁ အတ္တလန်တာ | ဂျီနိုအာ(အိမ်) | ၆ | ၃ | - | ၃ | ၉ | ၇ |
| နံနက်၀၂း၄၅နာရီ | (L,W,L,L,L) (W,W,W,W,W) | အတ္တလန်တာ ၂-၁ ဂျီနိုအာ | အတ္တလန်တာ(ဧည့်) | ၇ | ၄ | ၁ | ၂ | ၁၄ | ၈ |

# Mandalay Good News Church မှ ခရစ်တော်မွေးနေ့(ခရစ္စမတ်)အကြို ကျေးဇူးတော်ချီးမွမ်းခြင်းနှင့် ဂုဏ်တော်ချီးမွမ်းဆုတောင်း

**မန္တလေး ဒီဇင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် အဖွဲ့အား ခရစ်ယာန်ဘာသာ Mandalay Good News Church မှ သိက္ခာတော်ရ ဆရာတော် ဦးခွန်ထူးနှင့် တာဝန်ရှိသူများ၊ အသင်းသူ၊ အသင်းသားများက ယနေ့ညနေပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးသို့ လာရောက်ပြီး ခရစ္စမတ်အကြို ကျေးဇူးတော်ချီးမွမ်းခြင်းနှင့် ဂုဏ်တော်ချီးမွမ်းဆုတောင်းခြင်းများ ပြုလုပ်ခဲ့ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့အား Mandalay Good News Church မှ သိက္ခာတော်ရ ဆရာတော်ဦးခွန်ထူးက မြန်မာနိုင်ငံအပါအဝင် တစ်ကမ္ဘာလုံး ကောင်းချီးမင်္ဂလာများ ရရှိရန် မေတ္တာပို့သ ဆုတောင်းပေးပြီး အသင်းသူ၊ အသင်းသားများက ခရစ္စမတ်အဓိပ္ပာယ်၊ ကျေးဇူးတော်ချီးမွမ်းခြင်း၊ ခရစ္စမတ်တေးသီချင်းများနှင့်အတူ ဆုတောင်းသီဆိုဂုဏ်ပြုခဲ့ကြပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့က ဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမတွင် လန်းဆန်းစာများဖြင့် တည်ခင်းဧည့်ခံ၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ခရစ်ယာန်ဘာသာဝင်များ အားလုံးနှင့်တကွ မြန်မာနိုင်ငံသူ၊ နိုင်ငံသားများအပါအဝင် ကမ္ဘာသူ၊ ကမ္ဘာသားများအားလုံး ခရစ်တော်၏ မေတ္တာတရားနှင့် ငြိမ်းချမ်းသာယာရှိကြပါစေကြောင်း ဆုမွန်ကောင်းတောင်းစကား ပြောကြားခဲ့ပြီးနောက် လန်းဆန်းစာများကို အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

ဝ-ဝ-ဝ-ဝ-ဝ











သတင်း-စာမျက်နှာ ၁၃







MANDALAY

- မန္တလေးမြို့တော် သန့်ရှင်းရမည်။
- မန္တလေးမြို့တော် သာယာလှပရမည်။
- မြို့တော်နေလူထု စိတ်ချမ်းသာရမည်။

# မြို့တော်ဝန် ဦးကျော်ဆန်း တံတားဦးမြို့ ရှေးဟောင်းမဟာဇေယပထတံတားကြီး ဘေးဝဲ၊ ယာသစ်ပင်ကြီးများ အလင်းဖွင့် ရှင်းလင်းဆောင်ရွက်မှုနှင့် ပြင်ဦးလွင်မြို့တွင်းလမ်းများ ဝဲ၊ ယာ၌ ပန်းအလှပင်များ စိုက်ပျိုးပြီးစီးမှု ကြည့်ရှုစစ်ဆေး

**မန္တလေး ဒီဇင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် စည်ပင်သာယာရေးဝန်ကြီး မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်းသည် တာဝန်ရှိသူများ လိုက်ပါ၍ နိုဝင်ဘာ ၃၀ ရက် နံနက်ပိုင်းက တံတားဦးမြို့သို့ သွားရောက်ပြီး(ပထမအင်းဝခေတ်) အင်းဝဘုရင်မင်းခေါင်စတင်တည် ဆောက်ကုသိုလ်ယူခဲ့ပြီး(စတုတ္ထ အင်းဝခေတ်)ဘကြီးတော်(စစ်ကိုင်းမင်း)လက်ထက်တွင် နန်းမတော်မယ်နု၏ မောင်စလင်းမြို့စားဦးအိုက ပြုပြင်ဆောက်လုပ်ကာ သက္ကရာဇ်(၁၁၈၉)ခုနှစ် တပေါင်းလဆန်း(၂)ရက်(စနေနေ့)တွင် ဖွင့်လှစ်ခဲ့သည့် တံတားဦး-အင်းဝ ဆက်သွယ်ထားသည့်(မဟာဇေယ ပထတံတားကြီး)(ခေါ်)ဦးအိုအုတ်လမ်းရှေးဟောင်းတံတားကြီးတစ်လျှောက် အင်းဝတောင်ဘက်ပံသာဝတီတံခါးမှ တံတားဦးမြို့ မင်္ဂလာစေတီတော်အထိ တာ(၅၀၀)(တစ်မိုင်ခန့်)အတွင်း ရှေးဟောင်းတံတားကြီး၏ ဘေးဝဲ၊ ယာတစ်လျှောက်ရှိ အပင်ကြီးများအား မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန၊ ဌာနမှူး ဦးဆောင်သော ဝန်ထမ်းအင်အား (၅၀)ဦး၊ တံတားဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးဆောင်သောဝန်ထမ်းအင်အား (၁၅)ဦးတို့က မြို့တော်စည်ပင်မှ Skyhigh(အမြင့်တင်ကရိန်းကား-၂စီး)၊ ဆယ်ဘီးကား(၂)စီး၊ တံတားဦးမြို့နယ်စည်ပင်မှ အမှိုက်သိမ်းယာဉ်ဖောကားတစ်စီး၊ သစ်ပင်ဖြတ်စက်များ အသုံးပြုကာ တံတားကြီးတစ်လျှောက် လမ်းပေါ်သို့ အုပ်မိုးကျနေသည့် ဘေးဝဲ၊ ယာရှိသစ်ပင်ကြီးများ၏ သစ်ကိုင်းများအား အလင်းဖွင့် ရှင်းလင်းခြင်းနှင့် ဦးအိုအုတ်လမ်းအခြေတွင် ပေါက်နေပြီး သစ်မြစ်ထိုး၍ ကွဲအက်ပျက်စီးနေသည့် တမာပင်ငယ်များအား ရှင်းလင်းခြင်းလုပ်ငန်းများအား ဆောင်ရွက်နေမှုတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

မြို့တော်ဝန်အား ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန၊ ဌာနမှူးနှင့် တာဝန်ရှိသူများက တံတားကြီး၏ ဘေးဝဲ၊ ယာရှိ အပင်ကြီးများဖြစ်သော မန်ကျည်း(၄၉)ပင်၊ တမာ(၂၃)ပင်၊ စိန်ပန်း(၂၂)ပင်၊ ဗာဒံပင်(၁၄)ပင်၊ ကုက္ကို(၁၈)ပင် စုစုပေါင်းအပင်အရေအတွက်(၁၄၄)ပင် စာရင်းကောက်ယူရရှိပြီး ဦးအိုအုတ်လမ်းတစ်လျှောက် ဝဲ၊ ယာ အလင်းဖွင့်ရှင်းလင်းဆောင်ရွက်နေမှု အခြေအနေများအား ရှင်းလင်းတင်ပြသည်။

မြို့တော်ဝန်က အပင်များ၏ အောက်ခြေများကိုပါ ရှင်းလင်းဆောင်ရွက်ပေးရန်၊ ရှေးဟောင်းတံတားအခြေတွင် ကပ်၍ ပေါက်ရောက်နေသော်လည်း အဆိုပါ အပင်ကြီးများ၏ အမြစ်များကို တံတားကြီး၏ အုတ်ရိုးအား ပျက်စီးမှုမဖြစ်စေသော အပင်ကြီးများအား ရှင်းလင်းရန်မလိုကြောင်း မှာကြားပြီးနောက် တမာပင်ကြီး(၂)ပင်အား အောက်ခြေရှင်းလင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ မြို့တော်ဝန်သည် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန တာဝန်ရှိသူများအား တွေ့ဆုံကာ တံတားကြီး၏ ရှေးဟောင်းမြန်မာမှုလက်ရာများအား ရှေးမူမပျက် ပြန်လည်ထိန်းသိမ်းရေးလုပ်ငန်းစဉ်များ အမြန်ဆောင်ရွက်ပြီးစီးရေးနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့ပြီး အဆိုပါ တံတားထိပ်ရှိတံတားကြီး၏ ကျောက်စာထိန်းသိမ်းထားသည့် ကျောက်စာရုံအမှတ်(၆၄၂-က)ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုမှတစ်ဆင့် မြို့တော်ဝန်နှင့် အဖွဲ့သည် မွန်းလွဲပိုင်းတွင် ပြင်ဦးလွင်မြို့သို့ သွားရောက်ခဲ့ပြီး ပြင်ဦးလွင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသည့် မြို့တွင်းလမ်းပိုင်းများ ဝဲ၊ ယာ၌ ပန်းအလှပင်များ စိုက်ပျိုး၍ လက်ရှိသာယာလှပနေသည့် လုပ်ငန်းများပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ရှေးဦးစွာ မြို့တော်ဝန်နှင့် အဖွဲ့သည် ပြင်ဦးလွင်မြို့အဝင် ကျောက်တောင်ဂိတ်အနီးလမ်းမကြီးဝဲ၊ ယာ၌ ရောင်စုံပန်းအလှပင်များဖြင့် စိုက်ပျိုးထားရှိပြီး လုပ်ငန်းများ၊ မြို့အဝင်ကြိုဆိုရေး (WE LOVE PYIN OO LWIN) ဆိုင်းဘုတ်အား ပြုပြင်၍ အသစ်ဆေးသုတ်မွမ်းမံပြင်ဆင်ထားရှိမှုနှင့် ပန်းအလှပင်များရောင်စုံစိုက်ပျိုးပြီးစီးနေမှု၊ (ပြင်ဦးလွင်-လားရှိုးလမ်းမကြီး)နှင့် မြို့တွင်းလမ်းပိုင်းများ၌ ဘေးဝဲ၊ ယာ ပလက်ဖောင်းလမ်းကာတုံးများတွင် ဖြူ၊ နီကြားဆေးသုတ်မွမ်းမံပြီးစီးမှုနှင့် ဝဲ၊ ယာ ရောင်စုံပန်းအလှပင်များ၊ ပန်းပိုင်းများ စိုက်ပျိုးဆောင်ရွက်ပြီးစီးမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက မြို့တွင်း အဓိကလမ်းပိုင်းများ၏ ဘေးဝဲ၊ ယာတွင် ရောင်စုံပန်းအလှပင်များ စိုက်ပျိုးပြီးစီးမှု အခြေအနေများ၊ လမ်းများတွင် ယာဉ်အန္တရာယ်တားဆီးကာကွယ်ရေးဆိုင်းဘုတ်၊ လမ်းညွှန်အမှတ်အသား၊ ပလက်ဖောင်းများတွင် ဖြူနီကြား၊ ဝါနက်ကြားဆေးသုတ်ခြင်းလုပ်ငန်းများ၊ လမ်းဘေးဝဲ၊ ယာရှိအပင်ကြီး၊ ငယ်အသီးသီး၏ အောက်ခြေတစ်လျှောက် ထုံးသုတ်ခြင်းလုပ်ငန်း၊ အလင်းဖွင့်ရှင်းလင်းခြင်းနှင့် ချုံနွယ်ပေါင်းမြက်များ ရှင်းလင်းခြင်းလုပ်ငန်းများအား ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။

မြို့တော်ဝန်က မြို့တွင်း အဓိကလမ်းမကြီးများ ဘေးဝဲ၊ ယာတွင် အမှိုက်သရိုက်များ၊ ချုံနွယ်များလုံးဝမရှိအောင် ရှင်းလင်းဆောင်ရွက်ပေးရန်၊ လိုအပ်သည့် မြေကွက်လပ်အကျယ်များတွင် ပန်းအလှပင် ရောင်စုံများ ဖြည့်စွက်စိုက်ပျိုးပေးရန်တို့ကို ဖြည့်စွက်မှာကြားပြီးနောက် အစိုးရဧည့်ဂေဟာလမ်း၊ ရွှေပုဇွန်လမ်း၊ ကန်တော်ကြီးပတ်လမ်းများ တစ်လျှောက် လမ်းဘေးဝဲ၊ ယာရောင်စုံပန်းအလှပင်များနှင့် ပန်းပိုင်းများ ဆောင်ရွက်ပြီးစီးမှုနှင့် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်ပြီး အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**











ဝတ္ထုတိုကဏ္ဍ

# တောင်စွယ်ရိပ်က စိတ်တလေ

စောချိုသာ



ကိုဘုန်းသည် အောင်ပန်း-လွိုင်ကော်ရထားအား ရထားလိုက်စာရေးအဖြစ် လိုက်ပါလာခဲ့ရသည်မှာ တစ်လပင် မပြည့်သေးသော်လည်း ဒေသခံသားချင်းများနှင့်ကား အတော်ပင် မျက်မှန်းတန်းမိခဲ့ချေပြီ။ မြန်မာလို မပီတပီ အသံဝဲဝဲလေးများက ကိုဘုန်းအတွက် ဆန်းသစ်နေပါသည်။ ဆန်းသစ်နေသည်ဟု ဆိုခြင်းထက် စွဲမက်စွာ ငြိတွယ်လေသည်ဟု ဆိုလေမလား။ သူ၏ စိတ်ဝယ် အထက်အောက် အနက်ရောင်ပိုင်ရှင်လေးများက ဝေ့ဝေ့ဝဲဝဲပင်။

ပအို့ဝ်၊ ရှမ်း၊ ဓနု၊ အင်းသား၊ ကယန်း၊ တောင်သူ၊ ပဒေါင်ဟူသော တိုင်းရင်းသားတို့က စုံလှသည်။တစ်ချိန်က ဆရာနိုင်ဝင်းဆွေ၏ 'မသိန်းရှင်ဆီပို့ပေးပါ' ဝတ္ထုကိုပင် သူအမှတ်ရမိတော့၏။ ကိုဘုန်းခမျာလည်း ဆရာနိုင်ဝင်းဆွေ၏ ဇာတ်ကောင်နေရာတွင် ခေတ္တအာရုံဝင်စားရင်း ရထားလိုက်စာရေး၏ဘဝကို ခုံခုံမင်မင်ပင် ကျေနပ်မိလေသည်။ ကွဲပြားသည်မှာ ဝတ္ထုထဲတွင် အညာဒေသ၊ လက်ရှိဘဝတွင် တောင်ပေါ်ဒေသ။ ရထားသည် တောင်စွယ်ကို ဝိုက်လျက်၊ တောင်တန်းကို ယှဉ်လျက်၊ ခပ်ဝေးဝေးမှ တိမ်တစ်အုပ်ကိုဖြင့် အမီလိုက်နေသည်။ သို့သော် မီလုမီခင်၌ ဘူတာတစ်ခုသို့ရောက်လေသည်။

'သံတဲဘူတာ' ရပ်စခန်းဘူတာလေးသာဖြစ်သည်။ သို့သော် ခရီးသည်အတက်အဆင်းရှိသကဲ့သို့ ရာသီကုန်လေးများက အတန်အသင့် ပေါကြွယ်လှသည်။ ထိုရပ်စခန်းမျိုးမှ လိုက်ပါလာသော ခရီးသည်များအတွက် လက်မှတ်နှင့်တန်ဆာခကို တွက်ချက်ကာ ကောက်ခံရသည်။ သည်တစ်အုပ်စုမှာ 'မိုးဗြဲ' အထိ လိုက်ပါမည့်သူများဖြစ်သည်။

'နောင်တရား' ဘူတာသို့ရောက်သော် နေ့လယ်စာ စားကြသည်။ ဘူတာရှိ ရုံပိုင်က အဆင်ပြေသလို ချက်ပြုတ်၍ ရောင်းချခြင်းသာဖြစ်သည်။ သူမရောင်းလျှင်လည်း စားစရာမရှိပါ။ ဤဘူတာတွင် လွိုင်ကော်ဘက်မှလာသောရထားနှင့် ရှောင်ကြသည်။ ဦးစွာရောက်သည့် ရထားက စောင့်ရသည်သာ။ အရင်ရောက်သော ရထားမှ ခရီးသည်များအားပေးကြမ်း၍ နောက်ရထားမှ ခရီးသည်အတွက် ရောင်းစရာမကျန်လျှင် ငတ်ပေရော့။ သို့သော် သွားနေကျ ကုန်စိမ်းသယ်သူလေးများတွင် ထမင်းထုပ် ပါလာတတ်ကြသည်။

'ထီယွန်း ရောက်ပြီဟေ့'

ရထားပေါ်မှ တစ်ယောက်သော ကလေးမလေးက အော်လိုက်စဉ် အပြင်သို့ ထွက်ကြည့်လိုက်ရာ အမျိုးသမီးငယ်တစ်ဦးက 'ဆရာကြီး ဆရာကြီး စောင့်ပေးဦးနော် အိတ်တွေများလို့ပါနော်' 'ဟုတ်ကဲ့ပါ' ဟု အလိုက်သင့် ဖြေလိုက်ရသည်။

'လွယ်မူးကို'(ဘယ်သွားမလို့လဲ) 'ပအို့ဝ်လိုတတ်တယ်လား' 'လွိုင်ကော်ထိ ပါရှင်' 'ဒီတစ်လုံးပဲတတ်တယ်' သူလေးက ရယ်လျက် 'နောက်ဆို ပအို့ဝ်စကား သင်ပေးပါ့မယ်ရှင့်' ဤသို့ အဖွဲ့ကျရသည်မှာလည်း ပျော်စရာပင်။ တဂျုတ်ဂျုတ်ဖြင့် ခုတ်မောင်းနေသော ရထားလေးပေါ်၌ ရောက်တတ်ရာရာ စကားများပြောကြရင်း ခင်ကြမင်ကြရလေ၏။

တစ်နေ့။ ထီယွန်းသို့ ရထားဆိုက်လေရာ နောင်တရားတွင် ထမင်းမစားခဲ့ရ၍ ဗိုက်မှာအလွန်ဆာနေသည်။ ထိုနေ့က ကိုဘုန်း ရထားနောက်ကျ၏။ ရုံပိုင်ခမျာလည်း ရောင်းစရာ ထမင်းက မကျန်တော့ချေ။ မတတ်နိုင်။ ရှေ့ဘူတာများမှ ရောက်တတ်ရာရာဝယ်စား၍ ဗိုက်ဖြည့်ပေမည်ဟု ကိုဘုန်းတွေးတောရင်း ဆက်လက်လိုက်ပါလာခဲ့သည်။ ထိုစဉ် 'အစ်ကို ကျွန်မ ထမင်းအပိုပါတယ် စားမလား။ ဟင်းတော့မကောင်းဘူး။ ငရုတ်သီးချက်ပဲ ပါတယ်အစ်ကို' မျက်မှန်းတန်းမိနေကြသည်မှာ ကြာပြီဖြစ်သော်လည်း ဤသို့ တရင်းတနှီးရှိလိမ့်မည်ဟု မထင်မိသဖြင့် အံ့သြဝမ်းသာဖြစ်ရသည်။ 'နေပါစေ ညီမရယ် ရှေ့ဘူတာကျမှ အဆင်ပြေသလိုပဲ စားပါတော့မယ်' ပြောသာပြောရသော်လည်း ဗိုက်အတော်ဆာချေပြီ။ သူလေးမှာ ပြုံးလျက် 'ပိုက်ဆံမပေးရပါဘူး။ နောက်လည်း ပြန်မကျွေးရပါဘူး။ ဆာနေတုန်း စားပါ။ လာပါ' ရိုးရှင်းသော သူ့မျက်နှာလေးက ပကတိဖြူစင်သော စိတ်အသွင်ကို ပြနေသည်မှာ ဆာလောင်ခြင်းကိုပင် မေ့ချင်တော့၏။ ဤသို့ဖြင့် သူလေး ကျွေးသော ထမင်းသည် ကိုဘုန်းအား အဖော်မွန်အဖြစ် ချည်နှောင်လိုက်သော နတ်သုဒ္ဓါပင်တည်း။

သာမန်လုပ်သားဘဝမှ စာရေးတစ်ယောက်ဖြစ်ဖို့ရန် လွယ်ကူလှသည်တော့ မဟုတ်။ များပြားလှသော ဖြေဆိုသူများအတွင်းမှ ထူးထူးခြားခြားဖြေဆိုအောင်မြင်မှသာလျှင် ရွေးချယ်ခန့်ထားခြင်းခံရသည်။ သို့သော် ကိုဘုန်း လုပ်နိုင်ခဲ့ပါသည်။ လုပ်သားငယ်ဘဝ အချိန်ကာလများတွင်လည်း မိမိ၏ အုပ်ချုပ်သူရုံပိုင်များ လမ်းခွဲကိုင်(ခေါ်)တွဲချိတ်ကြီးများ၏ သွန်သင်မှု၊ လမ်းညွှန်မှုများကို နာယူခဲ့သည်။ မိမိလုပ်ငန်းပေါ်၌ စေတနာထားခြင်း၊ မိမိကိုယ်ကို တန်ဖိုးထားခြင်း အစရှိသည့် ကိုယ်ရည်ကိုယ်သွေး ထက်မြက်စေရာ အကြောင်းတရားများကိုလည်း ရှာဖွေလေ့လာနိုင်ခဲ့သည်။ မိမိ၏ ဝန်ထမ်းဘဝအစ ပထမဖြစ်သော ကျောက်ဆည်ဘူတာတွင် တာဝန်ကျခဲ့စဉ်က လက်ဦးဆရာကောင်းများနှင့် တွေ့ကြုံခဲ့ရသဖြင့် လုပ်ငန်းနှင့်ပတ်သက်သော အတွေ့အကြုံနှင့် ဗဟုသုတများ များစွာရရှိခဲ့ပါသည်။ ထိုစဉ်က ရုံပိုင်ကြီးမှာ ဦးတင်ဖေဖြစ်သည်။ ထို့အပြင် ဘဝသံသရာအတွက် ကူးခတ်ရာတွင် မမြင်ရသော အင်အားများဖြစ်သည့် 'ဝယ်ပါဝါ' ခေါ် 'စရဏစွမ်းအား' များရရှိရန် မွေးမြူလေ့ကျင့်ပေးသည့် ဆရာသမားများနှင့် တွေ့ကြုံခဲ့ရပါသည်။ ထိုစဉ်က ကျောက်ဆည်မြို့ အလုပ်သမားစစ်ဆေးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်ငြိမ်းသည်လည်း သူ၏ဆရာများတွင် တစ်ယောက်အပါအဝင်ဖြစ်သည်။ကိုဘုန်းတစ်ယောက် ယုံယုံကြည်ကြည်ပင် ဆရာများ၏ လမ်းညွှန်မှုအတိုင်း လိုက်နာလုပ်ဆောင်နိုင်ခဲ့သဖြင့် သာမန်လူတစ်ယောက်နှင့် ယှဉ်လိုက်ပါက အရာရာ ခေါင်းတစ်လုံး သာမြဲဖြစ်နေသည်။

ယခုလည်း စာရေးသင်တန်းကို မိတ္ထီလာတွင် သင်တန်းတက်ရောက်ပြီးနောက် ဤရှမ်းပြည်တောင်ပိုင်း အောင်ပန်း-လွိုင်ကော်လမ်းပိုင်းတွင် ရထားလိုက်စာရေးအဖြစ် တာဝန်ထမ်းဆောင်ရန် တာဝန်ခွဲဝေ နေရာချထားခြင်းခံရပြီဖြစ်လေရာ တာဝန်ကို ကျေပွန်စွာဆောင်ရွက်နိုင်ရန် သန္နိဋ္ဌာန်ချပြီးဖြစ်သည်။ အမှတ် (၁၄၇) အဆန် လော်ကယ်ရထားသည် နံနက် သုံးနာရီခန့်တွင် သာစည်မှစတင်ထွက်ခွာလာရာ အောင်ပန်းသို့ နံနက်ရှစ်နာရီခန့်တွင် ရောက်သည်။ ထို့နောက် ခရီးသည်နှင့် ကုန်စည်များတင်ချမှုပြီးစီးပါက လွိုင်ကော်သို့ ဆက်လက်ထွက်ခွာသည်။ အောင်ပန်းနှင့် လွိုင်ကော်ဘူတာကြားတွင် ရပ်စခန်းများ၌ တာဝန်ကျဝန်ထမ်းများ ခန့်ထားနိုင်လောက်အောင် ဝင်ငွေမှာလည်း မများလှသည့်ကတစ်ကြောင်း၊ အောင်ပန်း-လွိုင်ကော်လမ်းပိုင်းအတွင်း ရပ်စခန်းဘူတာများမှာ အတန်အသင့်များသည်က တစ်ကြောင်းကြောင့်၊ ရထားလိုက်စာရေးများလိုက်ပါစေခြင်းဖြစ်သည်။ ထိုဘူတာများမှ တက်ရောက်လာသော ခရီးသည်နှင့် ကုန်ပစ္စည်းများအတွက် လက်မှတ်ခနှင့် တန်ဆာခကို ကောက်ခံပေးခြင်းဖြင့် ဌာန၏ဝင်ငွေကို ထိန်းသိမ်းခြင်းဖြစ်သည်။ ရပ်စခန်းဆိုသည်မှာ ဘူတာတစ်ခု၏ အင်္ဂါရပ်များဖြစ်သော အဝင်အထွက်အချက်ပြအလံတိုင်များ၊ရထားများရှောင်တိမ်းနိုင်သည့် ရထားသံလမ်းများ၊ ၎င်းတို့ကို ထိန်းချုပ်နိုင်သည့် အလုပ်ရုံအဆောက်အအုံများ မရှိသည့် ခရီးသည်နားခိုရန် အဆောက်အအုံငယ်ထီးတည်းမျှသာရှိသော ဘူတာငယ်လေးဖြစ်သည်။

'အစ်ကိုက အားနေရင် ပုတီးပဲစိပ်နေတာပဲနော်၊ ကျွန်မတို့ ပအို့ဝ်တွေလိုပဲ ဘုရားတရား သိပ်ရှိသေတာပဲနော်။ အဲဒါကြောင့် အစ်ကို့ကို ပိုခင်တာ' မြန်မာလို မပီသော်လည်း နားလည်အောင် အားစိုက်ပြောနေရှာသော 'ခမ်းစယ်' ၏ အပြစ်ကင်းစင်သော မျက်နှာလေးအား ကြည့်လိုက်မိသည်။ သူကလေးမှာ ထီယွန်းမှ ရက်ခြားတက်၍ လွယ်ကော်တွင် ဈေးရောင်းသူလေးဖြစ်သည်။ သူတို့မိသားစုမှာ ထီယွန်းတွင် နေထိုင်သူများဖြစ်သည်။ သို့သော် အမြင်ကျယ်သော ခမ်းစယ်မှ သူ၏ ညီမလေး ကျောင်းတက်ဖို့ အဆင်ပြေစေရန် လွိုင်ကော်မြို့စွန်တွင်လည်း အိမ်ကလေးတစ်လုံး ဝယ်ထားသည်။ အစ်ကိုများနှင့် အမေတို့က ရာသီကုန်များအား စိုက်လည်းစိုက်၊ကောက်လည်းကောက်ပေးသည်။ ခမ်းစယ်က ရွာတွင်လာယူ၍ လွိုင်ကော်ဈေးတွင် လက်လီရောလက်ကားပါရောင်းသည်။ ပင်ပန်းသော်လည်း အဆင်ပြေသည်ဟု ပြောရပေမည်။ ယခင်ကတော့ နီးစပ်ရာ မိုးဗြဲ၊ ဖယ်ခုံ၊ ကရား၊ တီကျစ်၊ ပင်လောင်းစသည့်နေရာတို့တွင် ငါးရက်တစ်ဈေးများသို့ လှည့်လည်ရောင်းချခဲ့သည်။ နောင်သော် လွိုင်ကော်တွင်သာ အခြေချရောင်းဖို့ ဆုံးဖြတ်လိုက်သည်။အကြောင်းမှာ ညီမငယ်လေး၏ ပညာရေးအတွက် အဆင်ပြေရန်ပင်ဖြစ်သည်။ ကိုဘုန်းသည်လည်း ဤကလေးမ၏ ကောင်းမှုဖြင့် လွိုင်ကော်၏ အထင်ကရများဖြစ်သော တောင်ကွဲစေတီနှင့် မြကလပ်တောင်သို့ ရောက်ရှိဖူးမြော်ခဲ့ရသည်။ လွိုင်ကော်ဘူတာသို့ ဝင်တိုင်း၊ ထွက်တိုင်း လက်အုပ်ချီ၍ ဖူးမြော်ကန်တော့ရသော ဘုရားများအား ဆိုက်ဆိုက်မြိုက်မြိုက် ကန်တော့ခွင့်ရလေတော့၏။

တစ်နေ့သော ခရီးစဉ်တွင် လွိုင်ကော်ဘူတာသို့ရောက်ရှိခိုက် ခရီးရောက်မဆိုက်ပင် ခမ်းစယ်တစ်ယောက် အပြေးရောက်လာသည်။ 'အစ်ကိုရေ့ ကယ်ပါဦး အစ်ကို့ရေ ညီမလေး ပျောက်နေလို့ ရွာကိုလည်း မပြန်ဘူးတဲ့။ ညီမတို့ ရှာတာ နှံ့နေပြီ မတွေ့ဘူး။ ဘယ်ရောက်နေလဲ မသိဘူး ကယ်ပါဦးအစ်ကို' 'ဟော' ဟုသာ ရေရွတ်ရင်း အထိတ်တလန့်ဖြစ်ရလေသည်။ သူ၏ ညီမလေးကို သူတို့မိသားစု မည်မျှချစ်သည်ကို ကိုဘုန်းပင်လျှင် သိနေသည်မှာ မဆန်း။ လွိုင်ကော်သို့ ပြောင်းရွှေ့လာခြင်းသည်ပင် သူ၏ ညီမလေးကြောင့် မဟုတ်ပါလော။အချိန်ကား ဆယ်တန်းစာမေးပွဲဖြေပြီးချိန်ဖြစ်၍ ကိုဘုန်းပင်လျှင် အတော်ပင် ခေါင်းခြောက်သွားမိသည်။

(ဆက်လက်ဖော်ပြပါမည်)

သတင်းပဒေသာ

## စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်း ကျင်းပ

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ် အတွင်းရှိ ကျောင်းသားလူငယ်များ ဗလငါးတန်ပြည့်စုံပြီး အသိပညာဗဟုသုတတိုးပွားစေရန် ရည်ရွယ်၍ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက Wisdom Hill ကိုယ်ပိုင်အထက်တန်းကျောင်း၌ကျင်းပခဲ့ရာ ဦးစွာ ဇမ္ဗူသီရိမြို့နယ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ဦးကျော်အောင်က အဖွင့်အမှာစကားပြောကြားပြီး စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မိုးစပါးစံကွက်ရိတ်သိမ်းခြင်း ဆောင်ရွက်

မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့နယ် မြင်ကဝကျေးရွာအုပ်စု အောက်ဆိပ်လျှပ်စစ်မြစ်ရေတင်စီမံကိန်း၌ စိုက်ပျိုးထားရှိသည့် မိုးစပါးစံကွက်ရိတ်သိမ်းခြင်းကို ယမန်နေ့ နံနက် ၈ နာရီက ပြုလုပ်သည်။ တောင်သူ ဒေါ်ထားထားအေး၏ မိုးစပါးစံကွက် ရိတ်သိမ်းဆောင်ရွက်ခဲ့ရာတွင် ဧရာမင်း မိုးစပါး စံကွက်ရိတ်သိမ်းရာ၌ စပါးအစို ၁၁၈ ဒသမ ၇၅ တင်းထွက်ရှိကြောင်း၊ ဆိပ်ဖြူမြို့နယ်အနေဖြင့် မိုးစပါးစိုက်ဧက ၁၀၅၃၆ ဧက စိုက်ပျိုးဆောင်ရွက်နိုင်ပြီး ရိတ်သိမ်းပြီး ၁၀၄၂ ဧကဖြစ်ကြောင်း၊ ယခုနှစ် မိုးစပါးစိုက်ပျိုးထုတ်လုပ်ရာ၌ စိုက်ခင်းများ အောင်မြင်ထွန်း၍ အထွက်နှုန်းသင့်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများထံမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ဆောင်ရွက်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ကသာမြို့တွင် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်းတွင် ကျင်းပရာ ကသာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စွာထွန်းက အဖွင့်အမှာစကား ပြောကြားသည်။ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သုတဝေဖြာမျှဝေရာ ပညာဘဏ်တိုက်စာကြည့်တိုက် Video Clip အား ပြသခဲ့သည်။ ဆက်လက်၍ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့မှ အလှူငွေများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်စာရေးဆရာအသင်းတို့မှ စာအုပ်စာစောင်များနှင့် အလှူငွေများလှူဒါန်းကြရာ အ·လ·က (၃) ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမတို့က လက်ခံရယူခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## လူငယ်ရေးရာအသိပညာပေး ဟောပြော

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဒက္ခိဏခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက ဒက္ခိဏသီရိမြို့နယ်၊ အမှတ်(၁၈)အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပရာ ပြန်/ဆက်ဦးစီးအရာရှိ ဒေါ်စန္ဒာဝင်းက ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စာကြည့်တိုက်များတွင် စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများရရှိလာစေရေး၊ စာအုပ်စာပေများ လေ့လာဖတ်ရှုပြီး ဗဟုသုတများရရှိရေး၊ ဗလငါးတန်နှင့်ပြည့်စုံပြီး ဘက်စုံထူးချွန်ထက်မြက်သည့် လူငယ်၊ လူရွယ်များ ဖြစ်လာစေရေးနှင့်ပတ်သက်၍ ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဝန်ထမ်းမိသားစုများမှ စုပေါင်း၍ ဘုံဆွမ်းလောင်းလှူ



**မန္တလေး ဒီဇင်ဘာ ၁**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မဟာမြိုင်စည်ပင်ဝန်ထမ်းအိမ်ရာ၊ ၃၆ လမ်း၊ ၆၈လမ်းနှင့် လမ်း၇၀ကြားတွင်နေထိုင်သည့် ဝန်ထမ်းမိသားစုများမှ စုပေါင်း၍ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း လေးပြင်လေးရပ်မှကြွရောက်အလှူခံတော်မူကြသော ဆရာတော်၊ သံဃာတော်များအား ဘုံဆွမ်းလောင်းလှူ ကုသိုလ်ပြုကြသည်။

ဘုံဆွမ်းလောင်းလှူရာတွင် ဝန်ထမ်းမိသားစုဝင်များက လေးပြင်လေးရပ်မှ ကြွရောက်တော်မူကြသော ဆရာတော်၊ သံဃာတော်များအား ယနေ့ နံနက်ပိုင်းက (၁၀၇)ကြိမ်မြောက်အဖြစ် ဆွမ်း၊ ဆိတ်သားအာလူးနှပ်၊ သရက်ချဉ်သုပ်တို့ကို ၃၆လမ်းနှင့် ၆၉လမ်းထောင့်တွင်ပြင်ဆင်၍ ကြွရောက်လာကြသော ဆရာတော်၊ သံဃာတော် ၂၅၀ ကျော်တို့အား နံနက် ၅ နာရီခွဲမှ စတင်လောင်းလှူကြည်ညိုခဲ့ကြပြီး အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဆက်လက်လောင်းလှူကြမည်ဖြစ်၍ လေးပြင်လေးရပ်မှ ဆရာတော်၊ သံဃာတော်များအား ကြွရောက်အလှူခံနိုင်ပါရန် ပင့်ဖိတ်ထားကြောင်း သိရသည်။

**(အပေါ်ဓာတ်ပုံ)**

**(မန္တလေးနေ့စဉ်-၃)**

## မန္တလေးတက္ကသိုလ်ကျန်းမာရေးစောင့်ရှောက်မှုကော်မတီသို့ ကျောင်းသား၊ ကျောင်းသူဟောင်းများက ငွေလှူဒါန်း



**မန္တလေး ဒီဇင်ဘာ ၁**

မန္တလေးတက္ကသိုလ် ကျန်းမာရေးစောင့်ရှောက်မှုကော်မတီမှ ကန်တော့ခံဆရာ၊ ဆရာမကြီးများအား ကျန်းမာရေးနှင့်ပတ်သက်သည့်ကိစ္စရပ်များ စဉ်ဆက်မပြတ် ထောက်ပံ့လျက်ရှိရာ ကျောင်းသား၊ ကျောင်းသူဟောင်းများကလည်း ကျန်းမာရေးငွေပဒေသာပင်များ စိုက်ထူလှူဒါန်းလျက်ရှိသည်။ **(အပေါ်ယာပုံ)**

မန္တလေးတက္ကသိုလ် ကျန်းမာရေးစောင့်ရှောက်မှုကော်မတီသို့ ငွေပဒေသာပင်စိုက်ထူလှူဒါန်းပွဲကို နိုဝင်ဘာ ၃၀ ရက် နံနက် ၁၀နာရီက မန္တလေးတက္ကသိုလ် ဓာတုဗေဒဌာနတွင် ကျင်းပရာ ဆရာကြီး ဦးတင်ထွန်း+ဒေါ်ခင်မ မိသားစုကမှ ငွေကျပ် ၅ သိန်း လှူဒါန်းရာ ကျန်းမာရေးစောင့်ရှောက်မှုကော်မတီနာယက ဦးတင်မောင်၊ ဥက္ကဋ္ဌပါမောက္ခချုပ်(ငြိမ်း) ဒေါက်တာသီတာဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးပိုမြင့်နှင့်ဘဏ္ဍာရေးမှူး ဦးစိုးလွင်တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။ အလှူရှင်မိသားစုသည် မန္တလေးတက္ကသိုလ် ဓာတုဗေဒဌာနဆရာ၊ ဆရာမကြီးများ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့သို့ငွေ ငွေကျပ် ၅ သိန်း စုစုပေါင်း ငွေကျပ် ၁၀ သိန်းလှူဒါန်းခဲ့သည်။

မန္တလေးတက္ကသိုလ် ကျန်းမာရေးစောင့်ရှောက်မှုကော်မတီအနေဖြင့် အဖွဲ့တည်ထောင်သည့် (၂၃-၅-၂၀၂၃)ရက်မှစ၍ ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၃၀ရက်ထိ ဆရာ၊ ဆရာမကြီးစုစုပေါင်း ၃၂၀ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှု ဂါရဝပြုငွေကျပ် ၅၅၃ သိန်းပေးအပ်နိုင်ခဲ့ပြီး ဘဏ်တွင် ငွေကျပ် သိန်း ၂၈၀၀ ကျော် စုဆောင်းထားရှိကြောင်း သိရသည်။

**(ဝ၄၅)**



## ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ အလှူငွေ လှူဒါန်း

**မန္တလေး ဒီဇင်ဘာ ၁**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီး ကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ယမန်နေ့က အလှူရှင် မန္တလေးမြို့ ၈၂လမ်း၊ ၃၅ လမ်းနှင့် ၃၆လမ်းကြား(ဦးသိန်းလွင်)+ဒေါ်ခင်စိန် ယုဇနမိတ္တူမိသားစုမှ အလှူငွေကျပ်သုံးသိန်း လှူဒါန်းရာ လက်ထောက်ဆရာဝန် ဒေါက်တာ ဦးညွန့်သန်းမှ လက်ခံ ရယူပြီး ဂုဏ်ပြုမှတ်တမ်း ပြန်လည်ပေးအပ်သည်။ အလှူငွေများ လှူဒါန်းလိုပါက ဖုန်း ၀၉-၄၀၂၆၂၆၃၂၄ သို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(ကဆ)**

## သံဃာတော်များအား (၁၇၉)ကြိမ်မြောက် အရုဏ်ဆွမ်းလောင်းလှူဒါန်း

**မန္တလေး ဒီဇင်ဘာ ၁**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်၊ ၈၉ လမ်း၊ ၈လမ်းနှင့် ၉လမ်းကြားရှိ အရန်မီးသတ်တပ်ဖွဲ့ရုံးအရှေ့တွင် နိုဝင်ဘာ ၃၀ ရက် နံနက် ၅ နာရီခွဲက မြို့နယ်အရန် မီးသတ်တပ်ဖွဲ့၊ တပ်ခွဲ(၃)တပ်ခွဲမှ မောင်မောင်(ခ)ဇော်ဝင်းအောင် ရပ်ကွက်အရန်မီးသတ် တပ်ဖွဲ့၊ တပ်စုမှူး တင်မောင်စန်းနှင့် အရန်မီးသတ် တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များ ပူးပေါင်း၍ လေပြင်လေးရပ်မှ ဆွမ်းခံကြွရောက်လာသော သံဃာတော် အပါး ၁၃၀ ကျော်အား (၁၇၉)ကြိမ် မြောက်အဖြစ် ဆွမ်း၊ ကြက်သားချက်၊ ကုလားပဲချက်၊ ငါးလေးခြောက် ငရုတ်သီးကြော်၊ ပဲတီချဉ်သုပ်၊ စားတော်ပဲသုပ်၊ အကြော် စသည့် ဆွမ်းနှင့် ဆွမ်းဟင်းလျာများအား ကုသိုလ်ပြုလောင်းလှူဒါန်းခဲ့ကြောင်း သိရသည်။

**(ဝ၇ဝ)**

ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ်၊ စာပေ
လေ့လာစို့။

# သတိပြုဖွယ် သတင်းနယ်ပယ် (၂)

နိုင်ဗလ

မည်သို့ပင်ဆိုစေကာမူ သတင်းစာသည် သတင်းစာသာ ဖြစ်သည်။ ဂျာနယ်မဟုတ်၊ မဂ္ဂဇင်းမဟုတ်ဆိုသည်ကို သတင်းစာတွင် အလုပ်လုပ်သူများ၊ အထူးသဖြင့် သတင်းထောက်များ၊ အယ်ဒီတာများ၊ သတင်းစာလုပ်ငန်းအဆင်ပြေချောမွေ့စေရန် စီမံဆောင်ရွက်ပေးရသူများ ရင်ထဲအသည်းထဲစွဲနေအောင် ခံယူထားရမည်။ မှတ်သားထားရပေမည်။ သတင်းစာ၏ ပင်မထောက်တိုင်ကြီး ၃ ခုမှာ စီမံအုပ်ချုပ်သူ၊ အယ်ဒီတာ၊ သတင်းထောက်တို့ဖြစ်သည်။ သုံးခုထဲမှတစ်ခု ချိုးဖောက်လျှင်(သို့မဟုတ်)ချိုးဖောက်ခွင့်ရလျှင် သတင်းစာ၏ပုံစံပျက်ယွင်းပြီး သတင်းပါ၍ ပျင်းစရာစာစောင်တစ်မျိုးအဖြစ် ပြောင်းလဲသွားမည်မှာ အသေအချာ ဖြစ်သည်။ စီမံအုပ်ချုပ်သူက သတင်းစာ၏ သဘောသဘာဝနှင့်ကင်းအောင် ဖိအားပေးစေခိုင်းလျှင်လည်းကောင်း၊ အယ်ဒီတာက သတင်းစာ၏သဘောသဘာဝနှင့် လိုအပ်သောပညာမပါဘဲ ထင်ရာမြင်ရာဖွတ်လုပ်လျှင်သော်လည်းကောင်း၊ သတင်းထောက်က စည်းမျဉ်း၊ စည်းကမ်းနှင့်အညီ မလိုက်နာခြင်း၊ သတင်းစာ၏ တိုက်သုံးဟန်ပျက်ယွင်းစေသည့် အရေးအသား၊ အပြင်အဆင်များ သွတ်သွင်းလာခြင်းတို့ကို ဆောင်ရွက်လာနိုင်လျှင်သော်လည်းကောင်း သတင်းပါသော ပျင်းစရာ၊ အချင်းမပါသော စာစောင်အဖြစ် တစ်ရွေ့ရွေ့ပြောင်းလဲသွားမည်မှာ အသေချာပင် ဖြစ်သည်။

နိုင်ငံပိုင်သတင်းစာတစ်ခုသည် သက်ဆိုင်ရာအစိုးရ(ပေါ်လစီမိတ်ကာ)၏ မူဝါဒများမှ မတိမ်းမစောင်းမှာ ယိမ်းမယိုင်စေပဲ သတင်းစာ၏ပုံစံမပျက်၊ မူမပျက် ချီတက်နေရမြဲဓမ္မတာ ဖြစ်သည်။ မည်သည့်ခေတ်၊ စနစ်၊ မည်သည့်အစိုးရတက်တက် နိုင်ငံပိုင်သတင်းစာသည် သတင်းစာ၏ပုံစံမပျက်စေအောင် အနှစ်သာရမပျက်စေအောင်ထိန်းသိမ်းရင်း အစိုးရ၏မူဝါဒများလည်း ဖော်ဆောင်၊ လူထုအားလည်းအသိပညာပေး၊ ဖျော်ဖြေရေးကို တစ်ကဏ္ဍဖွင့်၍ အရှိန်အဟုန်မပျက် ချီတက်ရသည်သာ ဖြစ်သည်။ သတင်းစာသည်မြန်မာစာပေလောက၏ နောက်ဆုံးခံတပ်ဖြစ်သဖြင့် ဝါကျဖွဲ့ထုံးနည်းစနစ်များ စာလုံးပေါင်းသတ်ပုံများမှအစ ဝေါဟာရအသုံးများကိုပါ အထူးသတိထားရသည်။ သတင်းများတွင်လည်းကောင်း သတင်း၏အခြံအရံဖြစ်သော ဆောင်းပါး၊ ကဗျာ၊ ဝတ္ထု စသည့်စာပေပုံစံများတွင်လည်းကောင်း၊ နည်းစနစ်အပြင် စာလုံးပေါင်းသတ်ပုံများ ဝါကျအပေါက်၊ အတိမ်းအစောင်း၊ အမှားအယွင်းမရှိအောင် အထူးသတိပြုကြရမည်။ မည်မျှနာမည်ကြီးသော ဩဇာကြီးသော ဆောင်းပါးဆရာ၊ ဝတ္ထုရေးဆရာ၊ ကဗျာဆရာကြီးများ၏စာများပေးပို့လာသည်ဖြစ်စေ သတင်းစာတိုက်သို့ ရောက်ရှိအသုံးပြုမည်ဆိုလျှင် စာလုံးပေါင်းသတ်ပုံမှားယွင်းမှုရှိက ပြင်ကိုပြင်ရမည် ဖြစ်သည်။ ထိုသို့ ပြင်ပေးခြင်းသည် (၁)သတင်းစာ၏ဂုဏ်သိက္ခာကို ထိန်းသိမ်းခြင်း၊ (၂)စာရေးသူအား လေးစားမှုပြုခြင်း (စာလုံးအမှားအယွင်း အကျအပေါက်များလျှင် စာရေးသူ၏ဂုဏ်သိက္ခာကိုပါထိခိုက်သည်)ပင် ဖြစ်သည်။ စာရေးသူ၏သတင်းစာအယ်ဒီတာ သက်တမ်း ၂၆ နှစ်အတွင်း နာမည်ကြီးဆောင်းပါးဆရာ၊ ကဗျာဆရာ၊ ဝတ္ထုရေးဆရာ၊ သတင်းစာဆရာကြီးများစွာနှင့်ကြုံဆုံခဲ့ပြီး ယင်းတို့၏စာများကို တည်းဖြတ်စစ်ဆေးရာတွင် အချက်အလက်မှားယွင်းကြောင်း သေချာစွာသိလျှင် ပြင်ဆင်ပေးသည်။ သေချာစွာမသိသည့်ကိစ္စမှသာ မဖြစ်မနေဖုန်းဆက်မေးမြန်းသည်။ သတင်းစာတိုက်သို့ အယ်ဒီတာအဖြစ်အလုပ်စဝင်သည်မှ သုံးရက်ပြည့်သည်နှင့် ကျွန်တော်တို့၏ဆရာရင်းဖြစ်သော အယ်ဒီတာချုပ် ဆရာကြီးနတ်မောက်ထွန်းရှိန်ရေးသားသော ခေါင်းကြီး၊ ဆောင်းပါးတို့ကို စာလုံးပေါင်းသတ်ပုံများပြင်ဆင်ခြင်း၊ အချက်အလက်လွဲနေမှုတချို့ကို ပြင်ဆင်ပေးခြင်းများကို ပြုလုပ်ခဲ့သည်။ ဆရာကြီးနတ်မောက်ထွန်းရှိန်သည် ညစဉ်မပျက် သတင်းစာတာဝန်ကိုထမ်းဆောင်ရင်း မနားမနေ ခေါင်းကြီးပိုင်းရေးရသည်။ ဆောင်းပါးရေးရသည်။ နေ့တွင်လည်း ဆောင်းပါးအတွက် ကွင်းဆင်းခြင်း၊ လူမှုရေး၊ မိသားစုအရေးဖြင့် ကောင်းစွာမနားရ မအိပ်ရသဖြင့် စာရေးသားရာတွင် မေ့လျော့၍ သတ်ပုံလွဲ၊ အချက်အလက်ကိန်းဂဏန်းလွဲခြင်းများ ဖြစ်တတ်သည်။ ကျွန်တော်ရဲရဲဝံ့ဝံ့ပင် ပြင်ဆင်ဆောင်ရွက်ပေးခဲ့သည်။ ဆုံးဖြတ်ရခက်ခဲလွန်းသောကိစ္စမှသာ နေ့ခင်းဘက်တွင် ဆရာကြီးထံ ဖုန်းဆက်မေးသည်။ ဆရာကြီး နိုးထနေတတ်သောအချိန်ကိုရွေး၍ ဖုန်းဆက်မေးမြန်းသည်။ အခြားပြင်ဆင်မှုများကို ဆရာကြီးနှင့် တာဝန်ကျချိန်ညကျမှ ပြင်ဆင်ထားကြောင်း၊ ဆရာနားနေချိန်များ ထိခိုက်မည်စိုး၍ မဝေခွဲနိုင်သောအချက်အလက်ကိုသာ ဖုန်းဆက်ကြောင်း ပြောပြသည်။ ဆရာကြီးနတ်မောက်ထွန်းရှိန်က ကျေနပ်စွာပင် ခွင့်ပြု၍ တည်းဖြတ်ဖို့လိုလျှင် ရဲရဲတည်းဖြတ်ရန်ပင် အားပေးခဲ့သည်။

သတင်းစာဆိုသည်မှာ မှန်ကန်ရမည်။ ပြင်ဖို့လိုလျှင် မည်သည့်စာ၊ မည်သူ့စာဖြစ်ဖြစ် တည်းဖြတ်ရမည်။ ပြင်ဆင်ရမည်မှာ ကိုယ့်အလုပ်ဖြစ်သည်ဟု ဆုံးမပြောဆိုအားပေးခဲ့သည်။ ကျွန်တော့်အား သတင်းစာပညာ စာတွေ့၊ လက်တွေ့ ၃ လ ၁၉၉၉ ကို သင်တန်းပို့ချပေးခဲ့သော မန္တလေးနေ့စဉ်သတင်းစာအကြံပေးပုဂ္ဂိုလ် ဆရာကြီး ဦးခင်မောင်ကြီး၏ဆောင်းပါးကိုလည်း ပြင်ဆင်တည်းဖြတ်ပေးခဲ့ဖူးသည်။ ဆရာကြီးဦးခင်မောင်ကြီးသည် ၁၉၄၆ ခုနှစ် မတ်လထုတ်ဝေခဲ့သော New Times of Burma သတင်းစာတွင် သတင်းထောက်၊ ၁၉၄၆ ခုနှစ် ဧပြီလတွင် ထုတ်ဝေသော ပဟိုရ်စည်သတင်းစာတွင် အယ်ဒီတာ၊ ကြေးမုံ၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် အယ်ဒီတာချုပ်၊ ရတနာပုံသတင်းစာတိုက်တွင် အယ်ဒီတာချုပ်တို့လုပ်ခဲ့ပြီး မန္တလေးနေ့စဉ်သတင်းစာအကြံပေးပုဂ္ဂိုလ်အဖြစ် တာဝန်ယူခဲ့သူ ဖြစ်သည်။ ဆရာကြီး၏စာကို တည်းဖြတ်သည်ကို သဘောကျ၍လည်းကောင်း သင်ပြဆုံးမမှုများကို စိတ်ဝင်စားလိုက်နာ၍လည်းကောင်း တွဲဖက်အတွင်းရေးမှူးရုံးခန်းတွင် တစ်ပတ်နှင့် ခန်းမကြီးထဲတွင် ၂ လနှင့် ၃ ပတ် စာတွေ့၊ လက်တွေ့ကို တစ်ဦးတည်း သင်တန်းသားအဖြစ်ပို့ချပေးခဲ့သည်။ မှန်ကန်သောပြင်ဆင်တည်းဖြတ်ခြင်းကိုလိုလားသော ဆရာကြီးများဖြစ်ကြသည်။ သတင်းစာလုပ်သက်ရက်ပိုင်းမျှသာရှိသူဖြစ်သော်လည်း အယ်ဒီတာ၏အလုပ်ကိုမှန်ကန်စွာထမ်းဆောင်နေခြင်းဖြစ်သဖြင့် အားပေးသည့်အပြင် ဂုဏ်ပြုပေးခြင်းပင် ခံရသည်။ သတင်းစာအယ်ဒီတာသက်တမ်း ၂၆ နှစ်အတွင်း ထိုကဲ့သို့သော ဆရာကြီးများနှင့် ဆုံတွေ့ခဲ့ရသည်မှာ မင်္ဂလာရှိဂုဏ်ယူမိရသည်။ ထူးဆန်းသောစာရေးသူတို့ကိုလည်း တွေ့ဖူးသည်။ ငယ်စဉ်ကတည်းကဖတ်ရှု၊ နည်းယူအားကျခဲ့ရဖူးသော နာမည်ကျော်စာရေးဆရာကြီးတစ်ဦးက သူ၏ဆောင်းပါးများတွင် သတ်ပုံပြင်သည်ကိုမကြိုက်၊ သတ်ပုံကအရေးမကြီးဟု ဆိုခဲ့သည်။ ထို့ပြင် စီမံအုပ်ချုပ်သူမှတစ်ဆင့် ဖိအားပေးခံခဲ့ရဖူးသည်။ ထိုဆောင်းပါးများကိုရှောင်၍ အခြားသတင်းဆောင်းပါး၊ ကဗျာများကိုသာ အယ်ဒီတာဆိုသူများက ပြင်ဆင်ပေးခဲ့ရဖူးသည်။ ကြုံရလေသောဘဝ သတင်းစာလောကဟုပင် ဆိုရပေမည်။ မည်သို့ပင်ဖြစ်စေ အငြိုငြင်ခံ၍ မိမိတို့၏ခံယူချက်ဖြစ်သော မြန်မာစာပေ၏နောက်ဆုံးခံတပ်ဖြစ်သော သတင်းစာ၏ကောင်းကျိုးကို ဆောင်ရွက်ခဲ့သည်သာ ဖြစ်သည်။ "သတင်းသမားသည် မိမိပါဝင်လုပ်ဆောင်နေသော သတင်းစာ၊ ဂျာနယ်တိုက်တို့၏ ကျင့်ဝတ်နှင့် ကျေးဇူးသစ္စာကို စောင့်ထိန်းကြရမည် ဖြစ်သည်။ သတင်းလောကသားအချင်းချင်းလည်း သစ္စာစောင့်ထိန်းရန်လိုသကဲ့သို့ ပြည်သူအပေါ်၊ နိုင်ငံအပေါ်လည်းသစ္စာစောင့်ထိန်းကြရမည်"ဟူသော ဆရာကြီး ဦးခင်မောင်ကြီး(အကြံပေး)၏စကားကိုလည်း ပို၍ပို၍ အမှတ်တရဖြစ်စေသည်။

"အချိန်လုပြီးလုပ်ရတော့ မှားတဲ့အခါလည်း မှားပေမယ်ပေါ့ကွယ်။ အယ်ဒီတာကြောင့်ဖြစ်ဖြစ်၊ စာပြင်၊ စာစီစာရိုက်ကြောင့်ဖြစ်ဖြစ် မှားတာကမှားတာပဲ၊ အခြားရုံးတွေ၊ အလုပ်တွေမှားရင် သက်ဆိုင်သူတွေပဲသိတာ၊ အေး…သတင်းစာမှားရင်တော့ နိုင်ငံသိဟော့… သတင်းစာရောက်ရင် ရောက်သလောက်လူသိတော့တာပဲ၊ ကမ္ဘာအနှံ့ရောက်ရင် ကမ္ဘာအနှံ့သိမှာပါ၊ အဲ့ဒီတော့ မမှားအောင်ကြိုးစား" ဆိုသော ဆရာကြီးနတ်မောက်ထွန်းရှိန်၏စကားကလည်း ယနေ့ချိန်ထိနားထဲတွင် စွဲနေခဲ့သည်။ သင်ခန်းစာလည်း ရခဲ့သည်။ သတင်းစာတွင် ပေါ့ပျက်ပျက်လုပ်၍ဖြစ်စေ၊ တမင်အမှားခံလျှင်ဖြစ်စေ(တစ်ခါပဲကြုံဖူးသည်)အများကဲ့ရဲ့ခံရသူမှာ သတင်းစာ၏အမည်နာမနှင့် လုပ်ကိုင်နေသူ ဝန်ထမ်းများသာဖြစ်သည်။ များစွာသတိပြုသင့်လှပေသည်။

ဗိုလ်တစ်ထောင်သတင်းစာတွင် ပင်တိုင်ခရီးသွားဆောင်းပါးရှင်တစ်ဦးဖြစ်သော မြန်စာဂုဏ်ခင်မောင်ရင်(အမရပူရမြို့နယ် စာပေလုပ်သားအဖွဲ့ဝင်)သည် အဌမတန်းကတည်းက မြန်မာစာသင်ပေးခဲ့သူဆရာရင်း ဖြစ်သည်။ ဆရာအား လွန်စွာချစ်ခင်လေးစားခဲ့သည်။ တပည့်များကို သား၊ သမီးရင်းပမာ သဘောထားသော ဆရာဖြစ်သည်။ ကျောင်းပိတ်ရက်တွင် ဆရာ့အိမ်မှာ စာအုပ်များကို မွှေနှောက်ဖတ်ရှုသည်။ အမေက(ဆရာကတော်)ချက်ပြုတ်ကျွေးမွေးသည်။ ဖတ်ရှုသောစာအုပ်ကိုကြည့်၍ သာမန်အတွေးအမြင်ထက်ပိုအောင် ဆရာက ရှင်းပြသည်။ ထူးခြားချက်မှာ ဖတ်သည့်စာအုပ်တိုင်းတွင် ခဲတံဖြင့် ဆရာကသတ်ပုံများပြင်ထားခြင်း ဖြစ်သည်။ ဤသို့ဖြင့် ဆရာ့ထံမှ သတ်ပုံပြင်ရင်း စာဖတ်သောအလေ့အထကို ရရှိခဲ့သည်။ ဆရာ မကွယ်လွန်မီက မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ဆရာခေတ္တရာမန်းသန်းမြင့်နှင့်အတူ စက်ဘီးဖြင့် စာမူလာပို့လေ့ရှိသည်။ ကျွန်တော့်အား ဆရာခေါ်၍ မခေါ်ရန်အပြင်းအထန်ငြင်းဆိုခဲ့သည်။ မင်းငယ်ငယ်က ငါက ဆရာ၊ မင်းအခုကြီးလာပြီ မင်းကဆရာပဲဟုပြော၍ ဆရာဟုသာခေါ်သည်။ မျက်ရည်ကျသည်အထိခံစားရသည်။ ဆရာကြီး၏ဆောင်းပါးကို ဆရာကြီး၏ ရှေ့တွင်ပင်ဖတ်၍ စာစီ အမှားသတ်ပုံနှင့် ပြင်လိုသည်ကို တစ်ခါတည်းပြော၍ တည်းဖြတ်သည်။ ဆရာက ကျေနပ်စွာဖြင့် မျက်ရည်ကျလျက် ပြုံးပြုံးကြီးကြည့်နေတတ်သည်။ ကျွန်တော်လည်း မျက်ရည်ကျရင်း တည်းဖြတ်ပြင်ဆင်သည်။ ဆရာသင်ပေးထားခဲ့သည့်အတိုင်း သတ်ပုံများကို တစ်သဝေမတိမ်း ပြင်ဆင်ပေးခဲ့သည်။ ထိုအချိန်အခိုက်အတံ့သည် ကျွန်တော့်အတွက် ဆရာဂုဏ်ယူကျေနပ်နေသကဲ့သို့ ဆရာ့ကျေးဇူးဂုဏ်ကြောင့် ဝါသနာပါရာအလုပ်လုပ်နေရသဖြင့် ဆရာ့ကို ဂုဏ်တင်ကျေးဇူးတင်မိသည်။ နောက်ဆရာတစ်ဦးမှာ ၁၉၇၀ ခုနှစ်လွန်ကာလက မြန်မာစာဆရာ ဆရာကြီး ဦးဘနောက် ဖြစ်သည်။ နန်းတော်ရှေ့ အ.ထ.က(၁၇)တွင် ပညာသင်ယူစဉ်က ဖြစ်သည်။ အတန်းထဲဝင်လာသည်နှင့် ရှေ့ဆုံးခုံမှ ကျွန်တော့်စာအုပ်ကို ဖွင့်ကြည့်သည်။ လှန်ကြည့်လိုက်သော စာမျက်နှာမှ စာလုံးပေါင်းသတ်ပုံမှားလျှင် တစ်လုံးမှားလျှင် မြေဖြူဖြင့် နဖူးကိုတစ်ချက်တောက်သည် ပြီးလျှင် မမေ့အောင်သင်ကြားပေးသည်။ ကျေးဇူးကြီးလှပေသည်။ ဆရာကြီးဦးဘနောက်၏စာအုပ်များကိုလည်း မလွတ်တမ်းဖတ်ခဲ့သည်။ ဆရာ၏"သို့ဖတ်သို့မှတ်"စာအုပ်သည် လက်စွဲစာအုပ်ဖြစ်ခဲ့သည်။ ယခုသော် ဆရာကြီးများ ကွယ်လွန်ကြလေပြီ။ ငယ်စဉ်ကလေးဘဝကတည်းက စာသင်ရာတွင် သတ်ပုံကိုအဓိကထား သင်ခဲ့ရသည်။ တက္ကသိုလ်ရောက်သည်ထိ မြန်မာစာအထူးပြုယူခဲ့သဖြင့် သတ်ပုံကို ဂရုပြုခဲ့ရသည်။ အလုပ်ခွင်ထဲရောက်တော့လည်း သတ်ပုံ၊ သတ်ညွှန်းဂရုပြုရသည်။သတ်ပုံ၊ သတ်ညွှန်းနှင့် ဝါကျဖွဲ့ထုံးများက သတင်းလောကတွင် အရေးပါသည်သာဖြစ်သည်။ အရေးပါသောကြောင့်သာ အယ်ဒီတာ၊ Proof reader(စာပြင်၊ စာဖတ်)သို့ အဆင့်ဆင့်ခန့်ထားရခြင်း ဖြစ်သည်။ ဆရာကြီးဦးခင်မောင်ကြီးပြောပြခဲ့ဖူးသည်ကို အမှတ်ရမိသည်။ တစ်ခါက သတင်းစာတစ်စောင်တွင် "အာသောကခေါင်းအုံးကြီး ရှာဖွေတွေ့ရှိခြင်း" ဆိုသော သတင်းတစ်ပုဒ်ပါဖူးကြောင်း အမှန်မှာ ဘာသာပြန်ဆရာက Pillar (ကျောက်တိုင်)နှင့် Pillow(ခေါင်းအုံး)စာလုံးမှား၍ ဘာသာပြန်မိခြင်း ဖြစ်သည်။ နောက်သတင်းတစ်ပုဒ်မှာ "တရုတ်ခေါင်းဆောင်ကြီးမော်စီတုန်းစီးရန် မာစီဒီး ၆၀၀ ဝယ်မည်" ဆိုသောသတင်း ဖြစ်သည်။ အမှန်မှာ မာစီဒီးမော်ဒယ် ၆၀၀ ကားတစ်စီးထဲဝယ်မည်ကို ဝါကျဖွဲ့ပုံမပြည့်မစုံလုပ်လိုက်သဖြင့် ဟာသသတင်းများ ဖြစ်သွားခဲ့ရသည်။ သတိပြုဖွယ် ဖြစ်သည်။

သတင်းစာလောကတွင် သတင်းစာကောင်းတစ်ခုဖြစ်ရန် လူသားအရင်းအမြစ်ပညာရှင်တို့ကို စနစ်တကျခန့်ထားဆောင်ရွက်ရသည်သာ ဖြစ်သည်။ သတင်းစာတိုက်ဖြစ်လာလျှင် အယ်ဒီတာလိုအပ်သည်။ သတင်းထောက်လိုအပ်သည်။ စာစီ၊ စာပြင်များ လိုအပ်သည်။ အခြားရုံးကိစ္စဆောင်ရွက်ရန် ဝန်ထမ်းများလိုအပ်သည်။ စက်ပစ္စည်းများ ပြည့်စုံစွာ လိုအပ်သည်။ ပြည့်စုံမှသာ သတင်းစာလုပ်ငန်းကြီးအဆင်ပြေချောမွေ့၍ လူတောတိုးနိုင်သော သတင်းစာအဖြစ် ရပ်တည်နိုင်မည် ဖြစ်သည်။ ခွေးသွားစိပ်ပမာ တစ်ခုနှင့်တစ်ခုချိတ်ဆက်ထားသောလုပ်ငန်းစဉ်ကို ကျော်ခွထစ်ငေါ့သွားစေသော အချက်အလက်တစ်ခုမျှဖြစ်လျှင်ပင် သတင်းစာပုံပျက်တတ်သည်ဟုဆိုရမည် ဖြစ်ပေသည်။



# မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနား ကျင်းပ

**မဟာအောင်မြေ ဒီဇင်ဘာ ၁**

မန္တလေး၊ ဆေးတက္ကသိုလ်၌ ဆေးတက္ကသိုလ်များနှင့် ဆေးနီးနွယ်တက္ကသိုလ်များ၊ Naypyitaw state Academy Faculty of Medicine တို့မှ ဆေးပညာပထမနှစ်သင်တန်းများ တက်ရောက်မည့် ကျောင်းသား၊ ကျောင်းသူများအား မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနား နိုဝင်ဘာ ၂၉ ရက် နံနက်ပိုင်းက တစ်နိုင်ငံလုံး zoom ဖြင့် ကျင်းပခဲ့သည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ဆေးပညာဘွဲ့ရပြီးနောက် နိုင်ငံတော်အား ပြန်လည်အလုပ်အကျွေးပြု တာဝန်ထမ်းဆောင်ပေးရန် စသည်များ ထည့်သွင်းပြောကြားခဲ့ပြီး မြန်မာနိုင်ငံဆေးကောင်စီဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ခင်မောင်အေးက လူ့အသက်နှင့်ပတ်သက်သည့် ထူးခြားသော ပညာရပ်နယ်ပယ်ဖြစ်သောကြောင့် ဆေးပညာရှင်တစ်ဦး၏ ကျင့်ဝတ်များနှင့်တကွ ဆေးပညာရည် ပြည့်ဝကျွမ်းကျင်စေရန် ဘဝတစ်သက်တာ စဉ်ဆက်မပြတ် အားထုတ်ဖြည့်ဆည်းနေရန် အရေးကြီးကြောင်း စသည်များအား ဆက်လက်ပြောကြားခဲ့သည်။

ထို့နောက် ဆေးတက္ကသိုလ်(မန္တလေး) zoom ဖြင့် ကျင်းပသည့်အခမ်းအနားတွင် ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာ မျိုးသက်တင်မှ ဆေးတက္ကသိုလ်(မန္တလေး)သို့ ဆေးပညာပထမနှစ်တက်ရောက်မည့် ကျောင်းသား၊ ကျောင်းသူများကို နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ပညာရေးကို ဂရုတစိုက် လေ့လာသင်ယူသင့်ကြောင်း၊ ကျန်းမာရေးကို အထူးဂရုပြုနေထိုင်သင့်ကြောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများလိုက်နာပြီး ဆိုင်ကယ်ဦးထုပ်ဆောင်းကြရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါ ဆေးတက္ကသိုလ်(မန္တလေး) မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနားအား ဆေးတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ပါမောက္ခနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**(ဝ၅၆)**



# ကျောင်းအခြေပြု ဘေးအန္တရာယ်လျော့ချရေးနှင့် ရှေးဦးပြုစုခြင်း (အခြေခံ)သင်တန်း ဖွင့်လှစ်

**မန္တလေး ဒီဇင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီမှ ကြီးမှူး၍ ပုသိမ်ကြီးမြို့နယ် ကြက်ခြေနီအသင်းခွဲတို့ ပူးပေါင်း၍ ကျောင်းအခြေပြု ဘေးအန္တရာယ်လျော့ချရေးနှင့် ရှေးဦးပြုစုခြင်း(အခြေခံ)သင်တန်းကို နိုဝင်ဘာ ၂၇ ရက်မှ ၂၉ ရက်အထိ ပုသိမ်ကြီးမြို့နယ် ကျောက်မီးအခြေခံပညာအထက်တန်းကျောင်းတွင် ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီအတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ပုသိမ်ကြီးမြို့နယ်ကြက်ခြေနီအသင်းခွဲနှင့် မန္တလေးတိုင်း ကြက်ခြေနီတပ်ဖွဲ့မှ နည်းပြများ၊ သင်တန်းသား၊ သင်တန်းသူ ၃၀ဦးတို့ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

သင်တန်းတွင် မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဦးကျော်ကျော်က အမှာစကားပြောကြားသည်။ ထို့နောက် မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီတပ်ဖွဲ့မှ နည်းပြများနှင့် ပုသိမ်ကြီးမြို့နယ် ကြက်ခြေနီနည်းပြများက မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ ဖွဲ့စည်းပုံနှင့် ရည်ရွယ်ချက်များ၊ ထိခိုက်ဒဏ်ရာ ရှေးဦးပြုစုနည်းများ၊ လူနာဆန်းစစ်ခြင်း ဘာသာရပ်များအား စာတွေ့၊ လက်တွေ့ပုံစံငယ်များဖြင့် သုံးရက်ကြာ ဖွင့်လှစ်သင်ကြားပို့ချပေးကြောင်း သိရသည်။**(ဝ၄၅)**

# ခရမ်းချဉ်သီးဈေးနှုန်းများ မြင့်တက်လာသောကြောင့် အိမ်ရှင်မများလျော့ချသုံးစွဲလာ

မန္တလေးမြို့ရှိ ဈေးကွက်များအတွင်းတွင် ခရမ်းချဉ်သီးဈေးနှုန်းများမှာ ယခင်က တရိပ်ရိပ်မြင့်တက်နေသော အခြေအနေမှ ယခုရက်ပိုင်းအတွင်း အဆမတန် မြင့်တက်သွားသောကြောင့် အိမ်ရှင်မများ လျော့ချသုံးစွဲလာသည်။

စက်တင်ဘာလောက်က ဈေးနှင့် ယှဉ်ကြည့်လျှင် လေးဆလောက်ကို မြင့်တက်သောကြောင့် အောက်တိုဘာထဲမှာ စပြီးတော့ တရိပ်ရိပ်တက်လာတာကာ နိုဝင်ဘာလကုန်မှာဈေးတွေ ဆက်လက်မြင့်တက်လာကြောင်း ကုန်သည်များထံက ပြောသည်။**(အောက်ပုံ)**

မန္တလေးဈေးကွက်အတွင်း ယခုနှစ် စက်တင်ဘာလအထိ ဈေးအနိမ့်ပိုင်းတွင်ရှိနေခဲ့ပြီး တစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀ မှ ၃၅၀၀ ကြားရှိနေသော ခရမ်းချဉ်သီးများမှာ အောက်တိုဘာလအလယ်လောက်မှစတင်၍ ဈေးနှုန်းများမြင့်တက်ခဲ့ပြီး နိုဝင်ဘာလကုန်ရက်များတွင် တစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀၀ မှ ၁၂၀၀၀ အထက်လောက်အထိ ပေါက်ဈေးရှိလာသည်။

"တစ်ပိဿာမှာ အလုံးနှစ်ဆယ်ကနေ အစိတ်လောက်ပါတာဆိုတော့ တစ်လုံးချင်း ဈေးတွက်ကြည့်ရင်တောင် ခရမ်းချဉ်သီးတစ်လုံးကို ငါးရာလောက်ကျနေတယ်ဆိုတော့ ခရမ်းချဉ်သီးသုံးစွဲမှုကို လျော့ချလိုက်တယ်" ဟုလည်း မန္တလေးမြို့မှ အိမ်ရှင်မ ဒေါ်ဇာဇာမြင့်က ပြောသည်။



မန္တလေးဈေးကွက်အတွင်းသို့ ဝင်ရောက်လာသည့် ခရမ်းချဉ်သီးများမှာ မန္တလေးတိုင်းဒေသကြီး၊ ကျွန်းရွာများ၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)ဒေသတို့မှ စိုက်ပျိုးထွက်ရှိသည့် အသီးများလည်းဖြစ်ကြောင်း သိရသည်။**ရွှေမန်း**

# မင်းဘူး(စကု)မြို့နယ်တွင် ပဲကြီးသီးနှံ ၁၂၆၉၃ ဧက စိုက်ပျိုးပြီးစီး

**မင်းဘူး ဒီဇင်ဘာ ၁**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူး(စကု)မြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဒေသတွင်း ပဲမျိုးစုံသီးနှံ စိုက်ပျိုးထုတ်လုပ်မှု ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဒေသခံတောင်သူများ ဝင်ငွေတိုးပွားစေရန်ရည်ရွယ်၍ ပဲကြီးသီးနှံ ၁၂၆၉၁ ဧက လျာထားကာ ၁၂၆၉၃ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးမှ သိရသည်။

ပဲကြီးသီးနှံစိုက်ပျိုးရာတွင် တစ်မြို့နယ်လုံး ၁၂၆၉၃ ဧက စိုက်ပျိုးထားပြီး လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဒေသခံတောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဆောင်းသီးနှံစိုက်ပျိုးသည့်အချိန်တွင်လည်း ပဲမျိုးစုံသီးနှံ စိုက်ပျိုးထုတ်လုပ်မှု ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဒေသတွင်း စားနပ်ရိက္ခာဖူလုံစေရန်အတွက် ပဲကြီးသီးနှံအပြင် အခြားပဲအမျိုးမျိုးကိုလည်း စိုက်ပျိုးဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ကျွန်တော်တို့ သီးနှံစိုက်ပျိုးတဲ့အခါ မျိုးကောင်းမျိုးသန့်များကို ရွေးချယ်စိုက်ပျိုးကြပြီး တစ်ဧကလျှင် မျိုးခြောက်ပြည်ခန့် ကုန်ကျပါတယ်။ တော်သလင်း၊ သီတင်းကျွတ်လများတွင် စတင်စိုက်ပျိုး၍ ငါးလခွဲ၊ ခြောက်လအကြာတွင် ခူးဆွတ်နိုင်ကြပါတယ်။ တစ်ဧကလျှင် ကုန်ကျစရိတ်အနေဖြင့် မြေပြုပြင်ခ၊ လုပ်အားခအပါအဝင် ငွေကျပ်တစ်သိန်းခန့်ကုန်ကျကာ မြေအစိုဓာတ်ရှိပြီး မြေကောင်းသည့် မြေနုကျွန်းနှင့် ယာမြေများတွင် အထွက်နှုန်းကောင်းကာ တစ်ဧကလျှင် အထွက်နှုန်းမှာ ၁၅ တင်းမှ ၂၆ တင်းထိ ထွက်ရှိပြီး တစ်တင်းဈေးနှုန်းမှာ ငွေကျပ် ၁၁၀၀၀၀ မှ ၁၃၀၀၀၀ အထိ ဈေးရရှိကြကာ ယခုနှစ်တွင်လည်း ယခင်နှစ်များအတိုင်း ထွက်ရှိမည်" ဟု ခန့်မှန်းထားကြောင်း ဇရပ်ကြီးကျေးရွာနေ ပဲကြီးစိုက်တောင်သူ ဦးဇော်လင်းထံမှ သိရသည်။

**(အောက်ပုံ)**

**ဧယျာနိုင်(ရွှေကန်မြေ)**



# ဆောင်းနှမ်း ဧက ၅ သိန်းခွဲကျော် စစ်ကိုင်းတိုင်းဒေသကြီးတွင် စိုက်ပျိုးမည်

**စစ်ကိုင်း ဒီဇင်ဘာ ၁**

ဆောင်းသီးနှံဧက ငါးသိန်းခွဲကျော်ကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နာဂဒေသ အပါအဝင် ခရိုင် ၁၃ ခရိုင်တွင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ဆောင်းနှမ်း ၅၅၇၉၃၅ ဧကစိုက်ဖို့ လျာထားပြီး ယခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့တာ နိုဝင်ဘာ ၂၈ အထိ ဆောင်းနှမ်း ၅၃၅၆၄၉ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူက ပြောသည်။

ပြည်တွင်းစားသုံးဆီဖူလုံစေရန်နှင့် တောင်သူများ သီးနှံဝင်ငွေတိုးပွားစေရန် ရည်ရွယ်ပြီး ဆင်းရတနာ-၃၊ သိပ္ပံနှမ်းနက်၊ ရိုးစိမ်း၊ ရှပ်ကလေး နှမ်းမျိုးများကို အထွက်နှုန်းကောင်းမွန်ရေး၊ မျိုးကောင်းမျိုးသန့်ရရှိရေးတို့အတွက် စံကွက်များ၊ စမ်းသပ်ကွက်များ စိုက်ပျိုးပြီး တောင်သူလယ်သမားများ ဆောင်းနှမ်းစိုက်ပျိုးရာသီတွင် သီးနှံများ အောင်မြင်ဖြစ်ထွန်းရေးအတွက် စီစဉ်ဆောင်ရွက်ပေးနေသည်။

ဆောင်းနှမ်းများကို စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းခရိုင်တွင် ၁၄ ဧက၊ နာဂဒေသတွင် ဧက ၂၀၊ မော်လိုက်ခရိုင်တွင် ၁၅၁၁ ဧက၊ တမူးခရိုင်တွင် ၂၄၁၁ ဧက၊ ကလေးခရိုင်တွင် ၆၀၉၃ ဧက၊ မုံရွာခရိုင်တွင် ၆၆၉၉၁ ဧက၊ ယင်းမာပင်ခရိုင်တွင် ၇၇၉၈၀ ဧက၊ ရွှေဘိုခရိုင်တွင် ၉၆၄၅၀ ဧက၊ ရေဦးခရိုင်တွင် ၂၂၃၇၅ ဧက၊ ကန့်ဘလူခရိုင်တွင် ၁၁၀၇၄၉ ဧက၊ စစ်ကိုင်းခရိုင်တွင် ၉၆၈၀၃ ဧက၊ ကသာခရိုင်တွင် ၄၆၇၇၁ ဧက၊ ကောလင်းခရိုင်တွင် ၂၉၇၆၇ ဧက၊ စုစုပေါင်း ၅၅၇၉၃၅ ဧကကို လျာထား စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**(၃၉၄)**

# နိုင်ငံတကာ ရုပ်ရှင် ဂီတသတင်းများ

## Black Pink အဖွဲ့ဝင်များ တစ်လအတွင်း တစ်ကိုယ်တော်ဂီတခွေ ထုတ်ခဲ့ကြ



Black Pink အဖွဲ့ဝင် လီဆာ၊ ဂျင်းနီနှင့် ရိုစ်တို့ သုံးဦး တစ်လတည်းအတွင်း တစ်ကိုယ်တော်ဂီတခွေများ ထုတ်ခဲ့ကြ၍ ပရိသတ်အံ့အားတသင့် ဖြစ်ခဲ့ကြရသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

လီဆာ၊ ဂျင်းနီနှင့် ရိုစ်တို့ သုံးဦးက အောက်တိုဘာ တစ်လအတွင်း တစ်ကိုယ်တော်ဂီတ အယ်လ်ဘမ်ကိုယ်စီ ထုတ်ခဲ့ကြရာ ရိုစ်က ဘရူနိုမတ်စ်နှင့် အောင်မြင်မှုရရှိထားသည်။

အဖွဲ့ဝင် ဂျီဆိုကလည်း Snowdrop အပြီး ဒရမ်မာဇာတ်ကား Newtopia ကား ရိုက်ကူးနေကာ တစ်ကိုယ်တော် ဂီတအတွက် ပြင်ဆင်နေသည်။

(SKY)

******



## အူတွင်းဘက်တီးရီးယားပိုးများနှင့် ဇရာအကြား ဆက်နွယ်ပတ်သက်မှုရှိနိုင်သည်ဟု လေ့လာတွေ့ရှိ

လူတို့မွေးကင်းစအရွယ်တွင် အဖတ်မစားဘဲ အရည်ကိုသာ သောက်သုံးကာ အူတွင်းရှိ ဘက်တီးရီးယားပိုးများ ငြိမ်သက်နေပြီး အရွယ်ရောက်လာသောအခါတွင်မူ အဖတ်အမျိုးမျိုးစားသုံးရာမှ ထိုပိုးများ ရှင်သန်ပေါက်ပွားလာလေသည်။


အဆိုပါ အူတွင်းဘက်တီးရီးယားပိုးမွှားများနှင့်အတူ ရှင်သန်ကြီးပြင်းလာသော လူတို့၏ကျန်းမာရေးသည် ၎င်းတို့နှင့် အနည်းနှင့်အများ ဆက်နွယ်ပတ်သက်နေကြောင်း အဏုပိုးမွှားဗေဒပညာရှင်များ လေ့လာတွေ့ရှိထားပြီးဖြစ်သည်။

ထိုဘက်တီးရီးယားပိုးမွှားများအကြောင်းကို အိန္ဒိယနိုင်ငံမှ သုတေသီများ လေ့လာခဲ့ရာ ၎င်းတို့နှင့်ဇရာအကြား ဆက်နွယ်ပတ်သက်မှုရှိနိုင်သည်ဟု မကြာသေးမီက လေ့လာတွေ့ရှိခဲ့သည်။

အူတွင်းဘက်တီးရီးယားပိုးမွှားများသည် အူလမ်းကြောင်း ကျန်းမာရေးအပေါ်တွင်သာမက ကိုယ်ခံအားစနစ်ဆိုင်ရာ ကျန်းမာရေးအပေါ်တွင်လည်း တိုက်ရိုက်အကျိုးသက်ရောက်မှုရှိကြောင်း အဆိုပါသုတေသီများ ဖော်ထုတ်တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

SCI

## Amita Bachchan အသက်(၈၂)နှစ်နှင့် ရုပ်ရှင်ဆက်လက်ရိုက်ကူးနေဆဲဖြစ်



ဘောလိဝုဒ်၏ မင်းဧကရာဇ် ဟု တင်စားခံရသည့် အမိတာဘချမ်းသည် အသက် ၈၂ နှစ်ရှိပြီဖြစ်ပြီး ရုပ်ရှင်ဇာတ်ကားများ ဆက်လက်ရိုက်ကူးနေဆဲဖြစ်သည်ဟု ဘောလိဝုဒ်အတ်ဒိတ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အမိတာဘချမ်းမှာ အသက် ၈၀ ကျော်အထိ အနုပညာလောကတွင် ကျန်းကျန်းမာမာ တက်တက်ကြွကြွနှင့် လုပ်ကိုင်နေကာ အသက် ၈၂ နှစ်အရွယ်တွင် ရုပ်ရှင်လေးကား ရိုက်လက်စရှိနေပြီး KBC တီဗီရှိုးကို ဦးဆောင်တင်ဆက်နေသူလည်း ဖြစ်သည်။

ကမ္ဘာ့အချမ်းသာဆုံး အနုပညာရှင်စာရင်းတွင် ပါဝင်ခဲ့ပြီး အိန္ဒိယအနုပညာလောကမှ အကြွယ်ဝဆုံး အနုပညာရှင်စာရင်းတွင် ရှာရွတ်ခန်က ပထမ၊ အမိတာဘချမ်းက ဒုတိယနေရာ ပိုင်ဆိုင်ထားသည်။

(SKY)

******

## ထိုင်ဝမ်အဆိုတော် Jay Chou ၏ ဂီတပွဲကြောင့် မှောင်ခိုလက်မှတ်ပြဿနာဖြစ်ပေါ်



ထိုင်ဝမ်အဆိုတော် ဂျေချောင်သည် ကမ္ဘာ့နိုင်ငံပေါင်းများစွာမှ ပရိသတ်ရရှိထားသူဖြစ်ပြီး သူ၏ဂီတပွဲတွင် လက်မှတ်ဝယ်ရန် ခက်ခဲခဲ့ရာမှ တရားမဝင် မှောင်ခိုလက်မှတ်များအဖြစ် ဈေးကွက်တွင် ရောင်းအားကောင်းခဲ့သည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဂျေချောင်သည် ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၅၊ ၆၊ ၇၊ ၈ ရက်များတွင် Taipei Dome ၌ ဂီတပွဲလေးရက်ပြုလုပ်ရန် စီစဉ်ထားပြီး အောက်တိုဘာ ၂၃ ရက်မှစ၍ လက်မှတ်ရောင်းခဲ့ရာ ၁၅ မိနစ်နှင့် ကုန်သွားပြီး မရသူများက အင်တာနက်မှတစ်ဆင့် ဈေးပိုပေးဝယ်လိုကြောင်း တင်ထားသည်ကို ထိုင်ဝမ်မီဒီယာများက ဖော်ပြထားသည်။

အဆိုပါလက်မှတ်မှာ ထိုင်ဝမ်ဒေါ်လာ ၆၈၀၀ မှ မှောင်ခိုဈေးကွက်တွင် သုံးသိန်းထိ ရောက်ရှိခဲ့ပြီး ကောင်းရှုံမြို့မှ ပရိသတ်က သိန်း ၁၅၀ တန် တိုက်ခန်းနှင့် လက်မှတ်ခြောက်စောင် လဲလိုပြီး တိုက်ခန်းပြန်ဝယ်နိုင်ကာ ဂျေချောင်ကို ပြန်မမြင်နိုင်ဟုဆို၏။

မှောင်ခိုလက်မှတ်အများဆုံးရောင်းသည့် yiyiticket ဆိုသည့် ပလက်ဖောင်းကို ထိုင်ဝမ်ရဲများ ဖော်ထုတ်ခဲ့ပြီး စရန်ငွေပေးထားသူများ ပြန်တောင်းယူနိုင်အောင် လုပ်ဆောင်ပေးရသည်အထိ မှောင်ခိုလက်မှတ်ပြဿနာ ဖြစ်ပေါ်ခဲ့သည်။

(SKY)

## Zhang Ruonan လက်ရှိအောင်မြင်မှုများစွာနှင့် အနုပညာ စံချိန်တင်ထား



တရုတ်အနုပညာလောကမှ ၉၅ ခုနှစ်နောက်ပိုင်း ဖွားမြင်သော မျိုးဆက်သစ်အနုပညာရှင်များတွင် လက်ရှိအောင်မြင်မှုများစွာနှင့် ကျန့်ရိုနမ်ကို မြင်တွေ့ရသည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ကျန့်ရိုနမ်သည် ၁၉၉၆ခုနှစ်ဖွားဖြစ်၍ အသက် ၂၈နှစ်သာရှိသေးပြီး ၁၉နှစ်နှင့် အနုပညာလောကသို့ဝင်၍ Cry Me A Sad River နှင့် ပွဲဦးထွက် အောင်မြင်မှုရရှိခဲ့သည်။

ကျန့်ရိုနမ်သည် ရုပ်ရှင်နှင့် စီရီးနယ်ပယ် နှစ်ခုစလုံးတွင် တောက်ပသည့်ကြယ်တစ်ပွင့်ဖြစ်ခဲ့ပြီး ဝင်ငွေမြင့်မားစွာ ရရှိထားကာ ၂၀၂၀ ပြည့်တွင် The End of Endless၊ ၂၀၂၃ ခုနှစ်တွင် Love Life Light နှင့် ရုံတင်ဝင်ငွေ စံချိန်တင်ထားသည်။

အဓိကမင်းသမီးအဖြစ် My Love ရုပ်ရှင်အပါအဝင် ဇာတ်ကား ငါးကားစလုံး ဝင်ငွေများစွာ ရရှိထားကာ ဇာတ်လမ်းတွဲ ခုနစ်ကားမှာလည်း အောင်မြင်မှု ရရှိခဲ့ပြီး The First Frast နှင့် Zhang Zhao Adventures တို့ ဆက်လက်ထွက်ရှိလာဦးမည်ဖြစ်သည်။

(SKY)

## Liu Yifei နှင့် Rain တို့၏ For Love or Money ကိုရီးယား-တရုတ် ပူးပေါင်းတင်ဆက်ထား




တောင်ကိုရီးယား-တရုတ် ပူးပေါင်းတင်ဆက်ထားသည့် For Love or Money တွင် လျူရီဖိန်းနှင့် ရိန်းတို့ ပါဝင်ထားကြသည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကား ရိုက်ကူးစဉ်က တရုတ်မင်းသမီး လျူရီဖိန်းမှာ လှပချောမောလွန်း၍ ရိန်းက ပြောရမည့် ဇာတ်ဝင်စကားများ မေ့သွားသည်ထိ ဖြစ်ခဲ့ရသည်ဟု ရသစုံအစီအစဉ်တွင် ပြောကြားခဲ့သည်။

အချစ်ဒရမ်မာဇာတ်လမ်းဖြစ်ပြီး ထိုစဉ်က ရိန်းမှာ လူပျိုတစ်ဦးဖြစ်၍ လျူရီဖိန်း၏ နတ်သမီးတမျှ ချောမောမှုတွင် နစ်မျောသွားခဲ့ပြီး လက်ရှိ သားသမီးနှစ်ဦးဖခင်ဖြစ်ပြီး စံပြခင်ပွန်းတစ်ဦးလည်း ဖြစ်နေသည်။

(SKY)




## Like A Rolling Stone ရုပ်ရှင်ဇာတ်ကား ဖြစ်ရပ်မှန်ကိုအခြေခံရိုက်ကူးထား

လျစ်လျူရှုခံထားရသည့် သက်ကြီးအမျိုးသမီးအုပ်စုအား ဂရုစိုက်ကြပါဟူသော ရည်ရွယ်ချက်နှင့် ရိုက်ကူးထားသည့် Like A Rolling Stone ရုပ်ရှင်မှာ ဖြစ်ရပ်မှန်ကို အခြေခံထားသည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါရုပ်ရှင်သည် တရုတ်နိုင်ငံ၊ ဟော်နန်ပြည်နယ်၊ ကျန့်ကျိုးမြို့မှ အသက် ၅၀ အရွယ် ကိုယ်ပိုင်ကားဖြင့် ခရီးထွက်သော ဆူမင်၏ ဖြစ်ရပ်မှန်ကို အခြေခံ ရိုက်ကူးထားခြင်း ဖြစ်သည်။

အဓိကသရုပ်ဆောင် လီဟုန်က ဆူမင်နေရာမှ ဇနီး၊ မိခင်၊ အဘွား ဇာတ်ရုပ်အမျိုးမျိုးဖြင့် ပေးဆပ်ခြင်း၊ သည်းခံခြင်း၊ မျိုသိပ်ခြင်းများနှင့် ဘဝတစ်ဝက်ကျော် ဖြတ်သန်းခဲ့ပြီး ရုန်းထွက်ရန် ကြိုးစားခဲ့ရာမှ အတွေးအခေါ်နှင့် စိတ်ပိုင်းဆိုင်ရာတွင် လမ်းစပျောက်လာရာမှ အရဲစွန့်၍ အရာရာကို စွန့်လွှတ်ကာ အတွင်းစိတ်စေရာအတိုင်း ခရီးထွက်ခဲ့ခြင်း ဖြစ်ပုံကို ရိုက်ကူးတင်ပြထားသည်။

ယင်းရုပ်ရှင်တွင် 'လမ်းကြောင်းတိုင်း ပိတ်ထားနိုင်မည်မဟုတ်၊ တောင်တက်လမ်း၊ တောလမ်းဖြစ်စေ လမ်းတစ်ခုခုတော့ ရှိမည်' ဆိုသည့်အတိုင်း ကိုယ်ပိုင်ကားနှင့် ခရီးသွား၍ အလင်းတန်းတစ်ခုကို ကိုယ်ပိုင်ဘဝပျောက်ဆုံးနေသည့် အမျိုးသမီးများကို အလင်းပေးခဲ့သည်။

(SKY)

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၃၆)၊ ဦးပိုင်နံပါတ်(၁၃၂) ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ (၃၀×၄၀)ပေအကျယ်အဝန်းရှိ ဒေါ်စန္ဒာဝင်းအမည်ဖြင့် မြေနေရာချထားပေးခြင်းခံရသည့်မြေကွက်၏ အနောက်ဘက်ခြမ်း(၁၅×၄၀)ပေ အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးအောင်မျိုးလှိုင်(ဘ)ဦးပြေသန့်(၅/ဝလန(နိုင်)၁၂၂၀၂၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်သူဇာဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၆လမ်းနှင့် ၁၂၇လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဗ-၂)၊ ဦးပိုင်နံပါတ်(၁၄၆) ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၃၁)ဧက၊ (၃၀×၄၅)ပေအကျယ်အဝန်းရှိ ဒေါ်တင်မာရီအမည်ဖြင့် မြေနေရာချထားပေးခြင်းခံရသည့်မြေကွက်၏ မြောက်ဘက်ခြမ်း(၁၅×၄၅)ပေ အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဒေါ်အေးအေးမြင့်(ဘ)ဦးမြဆိုင်(၉/မရတ(နိုင်)၀၀၀၄၄၄)နှင့် ဦးမျိုးမင်းလတ်(ဘ)ဦးမြဆိုင်(၉/မရတ(နိုင်)၀၀၀၇၇၇)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်သူဇာဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၆လမ်းနှင့် ၁၂၇လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(စစ-၆)၊ ဦးပိုင်နံပါတ်(၉၀) ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ (၃၀×၄၀)ပေအကျယ်အဝန်းရှိ ဦးစန်းမောင်အမည်ပေါက် ဂရန်မြေကွက်၏ မြောက်ဘက်ခြမ်း(၁၅×၄၀)ပေ အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးတင်မိုးဦး(ဘ)ဦးအောင်ကြည်(၉/မရတ(နိုင်)၀၅၃၅၂၃)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်သူဇာဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၆လမ်းနှင့် ၁၂၇လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ခခ-၄)၊ ဦးပိုင်အမှတ်(၅၀)၊ ၅၆လမ်းနှင့် ၅၇လမ်းကြား၊ ၁၀၂လမ်းနှင့် ၁၀၃လမ်းကြားရှိ ဗိုလ်မှူးဇော်ဝင်းအမည်ပေါက် တောဂရန်မြေကွက်အား ချမ်းမြသာစည်မြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်(၁၂/၂၀၂၄)တွင် (၂၆-၂-၂၀၂၄)ရက်နေ့က ချမှတ်ခဲ့သော စီရင်ချက်ဒီကရီအရ ဗိုလ်မှူးဇော်ဝင်းထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၃၂၇/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးမောင်မောင်ဝင်း(၉/ပသက(နိုင်)၀၁၆၃၁၄)၊ ဒေါ်တင်တင်ကျော်(၉/ပသက(နိုင်)၀၁၆၃၁၅)တို့က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၅၃၂၅/၂၀၂၄-၂၀၂၅)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ခခ-၄)၊ ဦးပိုင်အမှတ်(၉၄)၊ ၅၆လမ်းနှင့် ၅၇လမ်းကြား၊ ၁၀၂လမ်းနှင့် ၁၀၃လမ်းကြားရှိ ဗိုလ်မှူးသိန်းရွှေအမည်ပေါက် တောဂရန်မြေကွက်အား ချမ်းမြသာစည်မြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်(၁၀/၂၀၂၄)တွင် (၂၆-၂-၂၀၂၄)ရက်နေ့က ချမှတ်ခဲ့သော စီရင်ချက်ဒီကရီအရ ဗိုလ်မှူးသိန်းရွှေထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၃၂၈/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးမောင်မောင်ဝင်း(၉/ပသက(နိုင်)၀၁၆၃၁၄)၊ ဒေါ်တင်တင်ကျော်(၉/ပသက(နိုင်)၀၁၆၃၁၅)တို့က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၅၃၂၄/၂၀၂၄-၂၀၂၅)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဂဂ-၁)၊ ဦးပိုင်အမှတ်(၂)၊ ၁၀၃လမ်း၊ ၅၉လမ်းနှင့် သံလမ်းကြားရှိ ဦးစံထူးအမည်ပေါက် တောဂရန်မြေကွက်အား ခင်ပွန်းဖြစ်သူ ဦးစံထူးကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်(၂၃၂၆/၂၀၀၃)ဖြင့် ဇနီးဖြစ်သူ ဒေါ်တင်တင်အေးက အမွေဆက်ခံခဲ့ပြီး ချမ်းမြသာစည်မြို့နယ်တရားရုံး၏ တရားမကြီးမှုအမှတ်(၂၉/၂၀၂၃)တွင် (၁၈-၅-၂၀၂၃)ရက်စွဲပါ စီရင်ချက်နှင့်ဒီကရီအရ ဒေါ်တင်တင်အေး၏(SPရရှိသူ ဦးကျော်မြိုင်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၃၃၆/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်အေးအေးအောင်(ခ)ဒေါ်အေးအေးအောင်ကျော်(၉/တသန(နိုင်)၁၁၆၈၁၄)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၅၃၂၁/၂၀၂၄-၂၀၂၅)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၄၇)၊ ဦးပိုင်နံပါတ်(၆၁)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ (၆၀×၄၀)ပေ အကျယ်အဝန်းရှိ ဦးထွန်းမင်းအမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့်မြေကွက်၏ တောင်ဘက်ခြမ်း(၃၀×၄၀)ပေထဲမှ မြောက်ဘက်ပိုင်း(၁၅×၄၀)ပေ အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးရဲသောင်း(ဘ)ဦးထွန်းအေး(၁/ဗမန(နိုင်)၀၃၄၂၈၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

| | |
|---|---|
| **ဦးတင်အောင်မိုး(LL.B,LL.M)**<br>**တရားလွှတ်တော်ရှေ့နေ** | **ဒေါ်အိအိမွန်(LL.B,LL.M)**<br>**တရားလွှတ်တော်ရှေ့နေ** |

| | | | |
|---|---|---|---|
| **ဒေါ်ယုသစင်အောင်(LL.M)**<br>**တရားလွှတ်တော်ရှေ့နေ** | **ဦးကြည်ယံ(LL.B)**<br>**အထက်တန်းရှေ့နေ** | **ဦးစည်သူအောင်(LL.B)**<br>**အထက်တန်းရှေ့နေ** | **ဒေါ်သဲမို့မို့ထွန်း(LL.B)**<br>**အထက်တန်းရှေ့နေ** |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ဟေမမာလာတောင်ရပ်ကွက်၊ အကွက်အမှတ်(၆၅၅)၊ ဦးပိုင်နံပါတ်(၅၉-ခ)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၁၃၈)ဧက အကျယ်အဝန်းရှိ ဒေါ်တင်စိန်အမည်ပေါက် ဘိုးဘပိုင်မြေကွက်နှင့် ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်တင်စိန်ကွယ်လွန်သွားခဲ့သဖြင့် လက်ရှိအမွေဆက်ခံပူးတွဲပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

| | |
|---|---|
| **ဦးတင်အောင်မိုး(LL.B,LL.M)**<br>**တရားလွှတ်တော်ရှေ့နေ** | **ဒေါ်အိအိမွန်(LL.B,LL.M)**<br>**တရားလွှတ်တော်ရှေ့နေ** |

| | | | |
|---|---|---|---|
| **ဒေါ်ယုသစင်အောင်(LL.M)**<br>**တရားလွှတ်တော်ရှေ့နေ** | **ဦးဝေဖြိုးသူ(LL.B)**<br>**အထက်တန်းရှေ့နေ** | **ဦးဖြိုးသာဇန်(LL.B)**<br>**အထက်တန်းရှေ့နေ** | **ဒေါ်ကောင်းစုဝမ်း(LL.B)**<br>**အထက်တန်းရှေ့နေ** |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပုလဲငွေရောင်ရပ်ကွက်၊ အကွက်အမှတ်(၁၄၇)၊ ဦးပိုင်အမှတ်(၂၀-အ/၃၉)၊ ဧရိယာ(၀ ဒသမ ၀၀၄၅)ဧကအကျယ်အဝန်းရှိသော ဒေါ်လှလှမြင့်အမည်ပေါက် ဘိုးဘပိုင်မြေကွက်နှင့်ပတ်သက်၍ အများသိစေရန်သတိပေးကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရေမီတာ၊ လျှပ်စစ်မီတာ(ဆက်လက်သုံးစွဲခွင့်အပါအဝင်) သွယ်တန်းတပ်ဆင်ထားသောပစ္စည်းအရပ်ရပ်အားလုံး၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို (၁၈-၈-၂၀၂၃)ရက်စွဲပါ မန္တလေးမြို့တော်စာချုပ်စာတမ်း မှတ်ပုံတင်ဌာနမှူးရုံး၏ မှတ်ပုံတင်အထူးကိုယ်စားလှယ်ပါဝါ အမှတ်(၆၈၉၀/၂၀၂၃)အရ တရားဝင်ဝယ်ယူပိုင်ဆိုင်သူ ဦးအေကရင်(ခ)ဦးဝင်းကျော်(ဘ)ဦးအဗ္ဗဒူဂဖါး(ခ)ဦးဝင်းမောင်(၁၃/သပန(နိုင်)၀၀၇၅၁၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်ခင်နီနီစိုး (LL.B)**
**(တရားလွှတ်တော်ရှေ့နေ-၇၉၃၃)**
**Office- အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့် လမ်း၂၀ကြား၊ မန္တလေးမြို့။**
**ဖုန်း 02-4068839၊ 09-2006029၊ 09-792006029၊ 09-692006029**
**ladylawyer.khinninisoe@gmail.com**

## မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၅၇၉)၊ ဦးပိုင်အမှတ်(၂+၃-က)၊ ဧရိယာ(၀ ဒသမ ၀၃၄၁+၀ ဒသမ ၀၀၁၃)ဧကအကျယ်အဝန်းရှိသော ဦးရက်ရာဂျ်မီရာ(ခ)ရာဂျူး(ခ)မျိုးညွန့်အမည်ပေါက် ဘိုးဘပိုင်မြေကွက်များနှင့်ပတ်သက်၍ အများသိစေရန်သတိပေးကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ၊ ရေမီတာ၊ လျှပ်စစ်မီတာ(ဆက်လက်သုံးစွဲခွင့်အပါအဝင်) သွယ်တန်းတပ်ဆင်ထားသောပစ္စည်းအရပ်ရပ်အားလုံး၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူများဖြစ်ကြသော (၁)ဦးရက်ရာဂျ်မီရာ(ခ)ရာဂျူး(ခ)မျိုးညွန့်(ဘ)ဦးဘီဒီမေရာ(ခ)ဦးခင်မောင်ကြီး(၉/မနမ(နိုင်)၀၃၁၂၂၀)၊ (ဒဗလျူအမ်ဒီပိုင်-၃၀၄၇၈၂)၊ (၂)DAW ARUNA(ခ)မျိုးသီတာ(ဘ)ဦးအက်(စ်)ပီခန္နား(၁၂/ကတတ(ပြု)၀၀၀၃၃၈)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်ခင်နီနီစိုး (LL.B)**
**(တရားလွှတ်တော်ရှေ့နေ-၇၉၃၃)**
**Office- အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့် လမ်း၂၀ကြား၊ မန္တလေးမြို့။**
**ဖုန်း 02-4068839၊ 09-2006029၊ 09-792006029၊ 09-692006029**
**ladylawyer.khinninisoe@gmail.com**

## မန္တလေးရှေ့နေအသင်း အသင်းဝင်များသိရှိနိုင်ရန် ကြေညာခြင်း

၂၀၂၅-၂၀၂၇ ခုနှစ်အတွက် မန္တလေးရှေ့နေအသင်း အလုပ်အမှုဆောင်အဖွဲ့ဝင်အသစ် ရွေးချယ်တင်မြှောက်မည်ဖြစ်ပါ၍ အဆိုပြုလွှာတင်သွင်းလိုပါက အဆိုပြုလွှာများကို အသင်းရုံးခန်းတွင် အခမဲ့ရယူနိုင်ပါသည်။ အဆိုပြုလွှာများကို (၁၃-၁၂-၂၀၂၄)ရက်နေ့ ရုံးချိန်အတွင်း နောက်ဆုံးထား၍ အလုပ်အမှုဆောင်အသစ် ရွေးချယ်တင်မြှောက်ရေးအဖွဲ့(ကော်မရှင်)၊ မန္တလေးရှေ့နေအသင်းရုံးသို့ ပေးပို့စာရင်းတင်သွင်းနိုင်ပါကြောင်း အသင်းဝင်များသိရှိနိုင်ရန် အသိပေးကြေညာအပ်ပါသည်။

**အလုပ်အမှုဆောင်ရွေးချယ်တင်မြှောက်ရေးအဖွဲ့(ကော်မရှင်)**

## ''ကုန်အမှတ်တံဆိပ် သတိပေးကြေညာခြင်း''

ပျော်ဘွယ်မြို့၊ ကင်းတားကျေးရွာနေ ဦးသိန်းထိုက်အောင်(ဘ)ဦးသိန်းလွင်(၉/ပဘန(နိုင်)၁၅၄၀၀၉)ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။




ကျွန်ုပ်တို့၏မိတ်ဆွေ ဦးသိန်းထိုက်အောင်သည် ပူးတွဲဖော်ပြပါ **ရွှေကြယ်** အမည်ဖြင့် **သောက်ရေသန့်** ကို 20 Liter ရေဘူးအပါအဝင် ရေဘူးအရွယ်အစားအမျိုးမျိုးတို့ဖြင့် ထုတ်လုပ်ဖြန့်ဖြူးရောင်းချရန်အတွက် အမည်အမှတ်တံဆိပ်ကို တစ်ဦးတည်းမူပိုင်အမှတ်တံဆိပ်အဖြစ် ပျော်ဘွယ်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတွင် (၃၀-၁၀-၂၀၁၉)ရက်စွဲပါ မှတ်ပုံတင်စာချုပ်အမှတ်(၁၃၉/၂၀၁၉)အရ တရားဝင်မှတ်ပုံတင်သွင်းထားရှိခဲ့ပြီး **ရွှေကြယ်** အမည်ဖြင့် **သောက်ရေသန့်** ကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိရာ ကောင်းသတင်းဖြင့် အမည်ကျော်ကြားလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ **ရွှေကြယ်** အမည်ဖြင့် **သောက်ရေသန့်** ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းအား ဦးသိန်းထိုက်အောင်၏ တစ်ဦးတည်းမူပိုင်အဖြစ် အသုံးပြုလျက်ရှိသည့် အမှတ်တံဆိပ်အမည်အမှတ်အသားဖြစ်ပါကြောင်း၊ အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ အဆိုပါအမှတ်တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ ရေဘူးခွံများအား ရယူသုံးစွဲ၍ဖြစ်စေ တုပပြုလုပ်၍ မပြုလုပ်ကြရန်နှင့် ပြုလုပ်ပါက ဦးသိန်းထိုက်အောင်၏ လုပ်ငန်းအကျိုးစီးပွားနှင့်စပ်လျဉ်း၍ ထိခိုက်နစ်နာဆုံးရှုံးမှုအရပ်ရပ်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲတရားဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်အိအိနိုင်(LL.B)    ဒေါ်ပြည့်စုံထွေး(LL.B)    ဒေါ်စုစုလှိုင်(LL.B)**

**တရားလွှတ်တော်ရှေ့နေများ**

**၆၅လမ်း၊ ၃၂လမ်းနှင့် ၃၃လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၅၉၀၉၆၄၁၄၊ ၀၉-၇၉၇၅၁၃၉၁၆**

**မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက်၊ အကွက်အမှတ်(၄၁၅-နု/၁)၊ ဦးပိုင်အမှတ်(၁၈-င)၊ ဧရိယာ(၀ ဒသမ ၀၉၁၈)ဧကအကျယ်အဝန်းရှိသော ဒေါ်မေမြတ်နွယ် အမည်ပေါက်ဂရန်မြေကွက်၏ မြောက်ဘက်ခြမ်းဧရိယာ(၂၀ × ၅၀)ပေ အကျယ်အဝန်းရှိသော ဂရန်မြေကွက်နှင့်ပတ်သက်၍ အများသိစေရန်သတိပေးကြေညာခြင်း**

အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိလက်ရောက်နေထိုင်ပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိသည်ဟု အဆိုပြုသူများဖြစ်ကြသော (၁)ဦးရဲမြင့်(ဘ)ဦးရွှေ(၉/ပသက(နိုင်)၀၃၄၃၀၉)၊ (၂)ဒေါ်မြင့်နိုင်(ဘ)ဦးသန်းအောင်(၅/မရန(နိုင်)၁၃၈၄၅၈)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်ခင်နီနီစိုး (LL.B)**

**(တရားလွှတ်တော်ရှေ့နေ-၇၉၃၃)**

Office- အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့် လမ်း၂၀ကြား၊ မန္တလေးမြို့။

**ဖုန်း 02-4068839၊ 09-2006029၊ 09-792006029၊ 09-692006029**

**ladylawyer.khinninisoe@gmail.com**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်၊ အကွက်(၂)နေ ဦးတင့်လွင်(ခ)ဦးဘိုတင့် + ဒေါ်မော်မော်အောင်(ခ)ဒေါ်မမတို့၏ သား မောင်တင်နိုင်ဝင်း(၉/အမဇ(နိုင်)၀၉၃၄၄၂)သည် မိဘဖြစ်သူအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် ၄င်းအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ မောင်တင်နိုင်ဝင်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်မော်မော်အောင်(ခ)ဒေါ်မမ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကန့်ဘလူမြို့နယ်၊ အမှတ်(၁)ရပ်ကွက်နေ မရွက်နဝေ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်(၅/ကဘလ(နိုင်)၂၄၅၆၇၇)ကိုင်ဆောင်သူ၏ ဖခင်အမည်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ ဦးမြင့်စိုးနှင့် ဦးမောင်မြင့်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမြင့်စိုး(ခ)ဦးမောင်မြင့်(၅/တဆန(နိုင်)၀၇၅၄၈၉)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဓ)ရပ်ကွက်၊ အကွက်အမှတ်(နန-၃၂)၊ ဦးပိုင်(၁၅)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧကမြေကွက်ကို ဦးငွေ(ဘ)ဦးဆယ်(၅/ဝလန(နိုင်)၀၂၈၃၃၀)အား (၂၀-၅-၁၉၉၅)ခုနှစ်က ချထားရရှိထားခြင်းခံရသည့် မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား ဦးငွေထံမှ ကျွန်တော်ဦးရဲမြင့်(ဘ)ဦးလှဘော်(၉/ကဆန(နိုင်)၀၀၉၁၃၂)က ခိုင်မာသောအထောက်အထားများဖြင့် ဝယ်ယူပိုင်ဆိုင်ထားသည်ကို ကန့်ကွက်လိုပါက လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးရဲမြင့်**

**09-777707415**

## သက်ရှည်ကျန်းမာဖို့ နေ့စဉ်လမ်းလျှောက်ကြစို့

**၁။ ခန္ဓာကိုယ်နှင့် စိတ်ဓာတ်ကျန်းမာကြံ့ခိုင်လာစေသည်။**
**၂။ သက်လုံကောင်း၍ အမောခံနိုင်သည်။**
**၃။ အဆီလျော့ကျ၍ အဝမလွန်အောင် ထိန်းပေးနိုင်သည်။**
**၄။ ဦးနှောက်နှင့်အာရုံကြောအားကောင်း၍ ဉာဏ်ရည်ထက်မြက်စေသည်။**
**၅။ ကိုယ်ခံစွမ်းအားမြင့်တက်စေပြီး ရောဂါများကိုကာကွယ်ပေးနိုင်သည်။**
**၆။ အကြော၊ အရိုး၊ အဆစ်များကိုပျော့ပျောင်းစေ၍ လှုပ်ရှားသွားလာမှုကိုဖျတ်လတ်ပေါ့ပါးစေနိုင်သည်။**
**၇။ သွေးလည်ပတ်မှုကောင်းမွန်ပြီး အိပ်ပျော်၊ စားဝင်စေသည်။**
**၈။ စိတ်ဖိစီးမှုလျော့နည်းစေ၍ ကြည်လင်လန်းဆန်းစေသည်။**
**၉။ နေ့စဉ်ပုံမှန် မိနစ်(၃၀)ခန့် လမ်းလျှောက်ပေးခြင်းဖြင့် ကျန်းမာကြံ့ခိုင်သောဘဝကို ပိုင်ဆိုင်စေနိုင်သည်။**

**အားကစားနှင့်ကာယပညာဦးစီးဌာန**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဓ)ရပ်ကွက်၊ အကွက်အမှတ်(နန-၁၈)၊ ဦးပိုင်အမှတ်(၃၆)၊ ၆၃(B)လမ်း၊ ၁၃၃လမ်းနှင့် ၁၃၄လမ်းကြားရှိ ဦးညွန့်ရွှေအမည်ပေါက် ‌ဘောဂရန်မြေကွက်အား ပိုင်ဆိုင်ကြောင်းကြေညာစာတမ်းစာချုပ်အမှတ်(၂၂၀၀+၂၀၀၁)ဖြင့် ဦးဇာနည်အောင်က ဝယ်ယူခဲ့ပြီး ဦးဇာနည်အောင်၏(SPရရှိသူဦးစိုးမင်းဦး)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၆၃၁-၂၀၁၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်သီတာထွေး(၅/မရန(နိုင်)၀၀၄၇၈၄)က ‌ဘောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၅၃၃၁/၂၀၂၄-၂၀၂၅)ဖြင့် ဘောမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၁၃)၊ ဦးပိုင်အမှတ်(၇၇)၊ လမ်း၅၀နှင့် ၅၁လမ်းကြား၊ ၁၁၄လမ်းနှင့် ၁၁၅လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သောဇနီးဖြစ်သူ ဒေါ်ခင်စန်းမြင့်ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်(၂၂၅၂/၂၀၂၁)ဖြင့် အမွေဆက်ခံခဲ့သော ခင်ပွန်းဖြစ်သူ ဦးစိုင်းလုံ(၉/မရမ(နိုင်)၀၄၆၀၄၃)၏(GPရရှိသူဒေါ်နန်းနွမ်းဆောင်)က အမှုတွဲအမှတ်(၅၃၂၀/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၈)၊ ဦးပိုင်အမှတ်(၂၀)၊ ၆၂(A)လမ်း၊ လမ်း၁၃၀နှင့် ၁၃၁လမ်းကြားရှိ ဘောဂရန်မြေကွက်အမည်ပေါက်သူ ဦးကျော်ခိုင်၏(SPရရှိသူဦးနေလင်းအောင်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၀၁/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးဟုတ်လှိုင်(၉/မနတ(နိုင်)၁၀၅၁၁၄)က ဘောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၅၃၃၀/၂၀၂၄-၂၀၂၅)ဖြင့် ဘောမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

# (၇၅)ကြိမ်မြောက် စိန်ရတုအမျိုးသားစာပေဆုအထိမ်းအမှတ် ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁**

(၇၅)ကြိမ်မြောက် စိန်ရတုအမျိုးသားစာပေဆု အထိမ်းအမှတ် ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး

စာမျက်နှာ ၇ သို့ ➤



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့အား (၇၅)ကြိမ်မြောက် စိန်ရတုအမျိုးသားစာပေဆုအထိမ်းအမှတ် ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြစဉ်။

## အားကစား စိတ်ပညာနှင့် ပတ်သက်သည့် အစီအစဉ်ဖြစ်သော ASPASP Mentor-Mentee Program 2024 ပိတ်ပွဲ ကျင်းပ

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် MFF၊ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်နှင့် Asian South-Pacific Association of Sports Psychology (ASPASP) တို့ ပူးပေါင်းဖွင့်လှစ်သည့် ASPASP Mentor-Mentee Program 2024 ပိတ်ပွဲအခမ်းအနားကို နိုဝင်ဘာ ၃၀ ရက် ညနေပိုင်းက မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။




အခမ်းအနားသို့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အလုပ်အမှုဆောင် ကော်မတီဝင် ဦးသီဟစည်သူ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးစည်သူဝင်း၊ Asian South-Pacific Association of Sports Psychology (ASPASP) ဥက္ကဋ္ဌ Professor Kim Youngho နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ်မှ ဒေါက်တာထက်ဇေယျာနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ သင်တန်းဆရာများနှင့် သင်တန်းသားများ တက်ရောက်ခဲ့ကြသည်။

အစီအစဉ်အရ ရှေးဦးစွာ Asian South-Pacific Association of Sports Psychology (ASPASP) ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားခဲ့ကြပြီးနောက် သင်တန်းဆင်းလက်မှတ်ပေးအပ်ခြင်း အစီအစဉ်ကို ဆက်လက်ပြုလုပ်ခဲ့ကာ အခမ်းအနားတက်ရောက်လာသူများ အမှတ်တရ စုပေါင်းဓာတ်ပုံ ရိုက်ကူး၍ ပိတ်ပွဲပြီးဆုံးခဲ့သည်။

ASPASP Mentor-Mentee Program သည် အားကစားစိတ်ပညာနှင့် ပတ်သက်သည့် ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်ဖြစ်ပြီး သင်တန်းသို့ မြန်မာနေရှင်နယ်လိဂ်၊ လိဂ်-၂၊ မြန်မာအမျိုးသမီးလိဂ်၊ မြန်မာယူ-၂၀ လိဂ်၊ ဖူဆယ်လိဂ်နှင့် မသန်စွမ်းအားကစားအဖွဲ့ချုပ်မှ နည်းပြများ၊ တာဝန်ရှိသူများ စုစုပေါင်း ၆၀ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(NGB)**

## ဆိုင်ကလုန်းမုန်တိုင်း ဖန်ဂယ်လ် အားကောင်းသော မုန်တိုင်းငယ်အဖြစ် အားလျော့သွား

နေပြည်တော် ဒီဇင်ဘာ ၁

ယနေ့ နံနက် ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း ဖန်ဂယ်လ် (FENGAL) သည် အနောက်-အနောက်တောင်ဘက်သို့ ရွေ့လျားခဲ့ပြီး အိန္ဒိယနိုင်ငံ တမီးလ်နာဒူးမြောက်ပိုင်းကမ်းခြေကို ပူဒူချယ်ရီမြို့အနီးမှ ဖြတ်ကျော်ခဲ့ကာ အားကောင်းသော မုန်တိုင်းငယ်အဖြစ်သို့ အားလျော့သွားခဲ့သည်။ အဆိုပါ အားကောင်းသော မုန်တိုင်းငယ်သည် အနောက် -အနောက်တောင်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး အိန္ဒိယနိုင်ငံ တမီးလ်နာဒူးပြည်နယ် ကုန်းတွင်းပိုင်းဒေသများကို ဆက်လက်ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရပါသည်။ ယခုသတင်းသည် ဆိုင်ကလုန်းမုန်တိုင်းငယ် ဖန်ဂယ်လ်အတွက် ထုတ်ပြန်ပေးသည့် နောက်ဆုံးသတင်းဖြစ်ပါသည်။

မိုး/ဇလ